ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

<u>အမှုတွဲမှတ်တမ်း ဆောင်ရွက်ချက်</u>

<u>ရင်းနှီးမြှုပ်နှံမှုဌာန(၁)လုပ်ငန်းစိစစ်ရေးဌာနခွဲ</u>

အကြောင်းအရာ။ ။ Golden T.

| ရက်စွဲ | ဆောင်ရွက်ချက်အကျဉ်း | မှတ်ချက် |
|---|---|---|
| [illegible] | [illegible] Proposal [illegible]<br>[illegible]<br>[illegible] Salient Points [illegible]<br>Comparison [illegible] | |
| [illegible] | [illegible]<br>- Status and Standing [illegible]<br>- LBUP [illegible]<br>- PBG 1% of Investment [illegible]<br>- Rent - K1520 / sqm / annum [illegible] | |
| [illegible] | [illegible]<br>- Built up. Area [illegible]<br>- Status & Standing [illegible]<br>[illegible]<br>[illegible]<br>[illegible] | |
| [illegible] | [illegible] | |
| [illegible] | MIC [illegible] memo [illegible] | |
| [illegible] | T. [illegible]<br>[illegible] | |
| [illegible] | [illegible] | |

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန


အမှုတွဲမှတ်တမ်း ဆောင်ရွက်ချက်

ရင်းနှီးမြှုပ်နှံမှုဌာန(၁)လုပ်ငန်းစိစစ်ရေးဌာနခွဲ

အကြောင်းအရာ။ ။

| ရက်စွဲ | ဆောင်ရွက်ချက်အကျဉ်း | မှတ်ချက် |
|---|---|---|
| ၉.၁၁.[illegible] | ၂၀/[illegible]. MIC [illegible] | |
| | [illegible] | |
| ၁၀.၁၁.[illegible] | memo ရေးပါသည်. | |
| [illegible].၁၁.[illegible] | [illegible] ပါသည်. Wax [illegible] ပါသည် | |
| ၁၁.၁၁.[illegible] | [illegible] ပါသည်. | |
| [illegible].၁၁.[illegible] | [illegible] ပါသည်. | |
| | Brief notes ရေးပါသည်. | |

M 116



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပုံစံ(မနသ-၂)
စာအမှတ် ၃၉၉၀
နေ့စွဲ ၂၇.၁၁.၉၈
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

# ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၂၀၆/၉၈ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦး ဇိုး ဝင်း

(ခ) အဘအမည် ဦး မြင့် ရွှေ

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် အင်န်ဝိုင်အိပ်ချ်အား -၀၁၂၈၄၀

(ဃ) နေရပ်လိပ်စာ အမှတ် ၆၀၉ ( F )၊ ရွှေနှင်းဆီလမ်း ၊( ၅ ) ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ဂိုး (လ်)ဒင်း ဂျေဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Golden J Construction Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား B.O.T စနစ်ဖြင့်ရုံး ခန်း၊ ဆိုင်ခန်းနှင့်လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှါးရမ်းခြင်းလုပ်ငန်း။

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ရန်ကုန်တိုင်း ၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ( ၃၄) လမ်းကြားရှိ ( ဘုရင့်ရုပ်ရှင်ရုံ )

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ( ၃၅၉ ) သန်း ( ကျပ်သုံး ရာငါး ဆယ့်ကိုး သန်း တိတိ )

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၁၀၄/၉၈ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ နတ်တော် လဆန်း ၇ ရက်။
(၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)မှ ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်းပိုင် ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာဗန္ဓုလ ပန်းခြံလမ်းနှင့် ၃၄လမ်းကြားရှိ (ဘုရင့် ရုပ်ရှင်ရုံ) မြေ(၀.၂)ဧက (၈၀၉.၃၇ စတုရန်း မီတာ)ကို ကနဦးနှစ်(၃၀) ငှါးရမ်း၍ B.O.T စနစ်ဖြင့် ရုံးခန်း၊ ဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ပါဝင်သော ခေတ်မီ(၁၀)ထပ် အဆောက်အဦ ဆောက်လုပ်၍ ငှါးရမ်းခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြချက်အား (၉-၁၁-၉၈)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၀/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၁၉-၁၁-၉၈) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၄၀/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)အား B.O.T စနစ်ဖြင့် ရုံးခန်း၊ ဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ဆောက်လုပ်ငှါးရမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၂၀၆/၉၈ကို ထုတ်ပေး လိုက်သည်။

၂။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ဝန်ဆောင်မှုလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက် တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များ နှင့် အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့် များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေ ပုဒ်မ ၁၃(က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေ ပုဒ်မ ၁၃(ဂ) အရ ဝန်ဆောင်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက် နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်

အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေ ပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ် အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင် အထည် ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေ ပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ် သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုး လျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထား ရမည်။

(င) ဥပဒေ ပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန် တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန် အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ)အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်။

(က) နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System) ရွှေ့ဆိုင်း ငွေပေးချေမှု စံနစ် (Deferred Payment System) စသည် တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း

ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည် ပေးဆပ်သည့်အခါ အဆိုပြု လုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေ ဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ နှင့် လုပ်ငန်းသုံး ပစ္စည်းများ ကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက် ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိပဲ ငွေချေးသူ၏ တာဝန်သာ ဖြစ်စေရမည်။

၆။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)သည် ဤ အဆိုပြုလုပ်ငန်း၏ စာရင်းကို သီးခြား ပြုစု ထားရှိရမည်။

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်းနှင့် ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) တို့ချုပ်ဆိုမည့် B.O.T စနစ်အရ မြေငှါးရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးပြီးသည့်အခါ ယင်းသဘောတူ စာချုပ် မိတ္တူ(၅) စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၈။ လုပ်ငန်းဆောင်ရွက်ရန်အတွက် မြေငှါးရမ်းကာလမှာ တည်ဆောက်ရေးကာလ (၂၄)လ ပြည့်သည့် နေ့မှစ၍ နှစ်(၃၀)ဖြစ်သည်။ လိုအပ်ပါက (၅)နှစ် (၃)ကြိမ် ငှါးရမ်းရေးကို ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက်ကို ရယူရမည်။

၉။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) သည် ခေတ်မီ(၁၀)ထပ် အဆောက်အအုံကို မြေလွှဲပြောင်း လက်ခံရရှိသည့် နေ့မှ(၂၄)လအတွင်း အတည်ပြုချက် ရရှိပြီးသောပုံစံ၊ စံချိန်စံညွှန်းများနှင့် အညီအပြီးတည်ဆောက်ရမည်။ (၂၄)လပြည့်မြောက်သည်အထိ တည်ဆောက်၍ ပြီးစီးခြင်းမရှိပါက (၂၄)လပြည့်သည့်နေ့မှစ၍ လစဉ်သတ်မှတ်ထားသော ငှါးရမ်းခများကို ပေးဆောင်ရမည်။

၁၀။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) သည် မြေအသုံးချမှု ပရီမီယံ (Land Use Premium)အဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ကျပ် သိန်း(၁၂၀၀) (ကျပ် တစ်ထောင့်နှစ်ရာသိန်းတိတိ)ကို နှစ်ရစ်ခွဲ၍ ပေးချေရမည်။ ပထမ အရစ် ကျပ် သိန်း(၆၀၀) (ကျပ် ခြောက်ရာသိန်းတိတိ)ကို မြေငှါးသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ပေးချေရမည် ဖြစ်ပြီး၊ ဒုတိယ အရစ် ကျပ် သိန်း(၆၀၀) (ကျပ် ခြောက်ရာသိန်းတိတိ)ကို မြေငှါး သဘောတူစာချုပ် လက်မှတ် ရေးထိုးသည့်နေ့မှ တစ်နှစ်အတွင်းပေးချေရမည်။

၁၁။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) သည် မြေငှါးခအဖြစ် တစ်နှစ်လျှင် တစ်စတုရန်းမီတာကို ကျပ်(၁၅၀၀) (ကျပ် တစ်ထောင့်ငါးရာတိတိ)နှုန်းဖြင့် (၃)လ တစ်ကြိမ် ကြိုတင်ပေးချေရမည်။

၁၂။ မြေငှါးရမ်းခ နှုန်းထားများကို ငါးနှစ်တစ်ကြိမ် ၁၅ ရာခိုင်နှုန်းထက် မပိုစေပဲ ပြန်လည် ညှိနှိုင်း သတ်မှတ်ခွင့် ရှိသည်။

၁၃။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) သည် ဘဏ်အာမခံကြေးငွေ ကျပ်(၃၅)သိန်း (ကျပ် သုံးဆယ့်ငါးသိန်း တိတိ)ကို မြန်မာ့ ရုပ်ရှင်လုပ်ငန်းမှ သတ်မှတ် ပေးသော ဘဏ်တွင် မြေငှါးရမ်းခြင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးသွင်းရမည်။

၁၄။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.) သည် ငှါးရမ်းကာလ ကုန်ဆုံးသည့်အခါ မြေနှင့်တကွအဆောက်အဦအပါအဝင် အဆောက်အဦနှင့် ဆက်စပ် ပတ်သက်နေသော ပစ္စည်းအားလုံးကို ကောင်းမွန်စွာအသုံးပြုနိုင်သည့်အနေအထားအတိုင်း မြန်မာ့ ရုပ်ရှင်လုပ်ငန်းသို့ အဖိုးစားနားမဲ့ လွှဲပြောင်းပေးရမည်။

၁၅။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၆။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၁၇။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၈။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေး အန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံဂတိပြုထားသည့်အတိုင်း စံနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေ ကို ဤကော်မရှင်သို့ အမြန်ဆုံး မပျက်မကွက် အစီရင်ခံ တင်ပြရမည်။

၁၉။ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)သည် ပူးတွဲပါ ကနဦးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၂၀။ အဆိုပြု လုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ အမြန်ဆုံး မပျက်မကွက် အစီရင်ခံရမည်။

၂၁။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ –

( ဗိုလ်မှူးချုပ် မောင်မောင် )
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၂၅၀/၉၈ (၅၉၉၀)
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၆။ အလုပ်သမား ဝန်ကြီးဌာန။
၇။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၈။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန။
၉။ ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
၁၀။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၁။ ပြန်ကြားရေး ဝန်ကြီးဌာန။
၁၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။။

၁၉။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။

၂၀။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။

၂၂။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန။

၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင် လုပ်ငန်း။

၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ် ဓါတ်အားလုပ်ငန်း။

၂၅။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း။

၂၆။ အုပ်ချုပ်မှု ဒါရိုက်တာ၊ ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden J Construction Co., Ltd.)။

အမိန့်အရ –

( မောင်မောင်ရီ )
တွဲဖက်အတွင်းရေးမှူး။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912
Fax : 095-01-282101

စာအမှတ်၊ ရက–၁/မ–၂၅၀/၉၈ (၆၆၆၀)
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဂိုးလ်ဒင်း"ဂျေ" ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden "J" Construction Co., Ltd.) မှ B.O.T စနစ်ဖြင့် ရုံးခန်း၊ ဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှါးရမ်းခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၀/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ ဟည်ဆောက်ရေး ကာလ အတွင်း Saloon 1(one) No., Pick-up 1(one) No., and Truck 1(one) No. တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Station Wagon 1(one) No., Mini-Bus 1(one) No. and Truck 1(one) No. တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

( မောင်မောင်ရီ )
တွဲဖက်အတွင်းရေးမှူး

အုပ်ချုပ်မှု ဒါရိုက်တာ
ဂိုးလ်ဒင်း"ဂျေ" ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်။

မိတ္တူကို –
(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ပြန်ကြားရေး ဝန်ကြီးဌာန။
(၄) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၅) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၆) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(၇) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
(၈) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရပ်ရှင်လုပ်ငန်း။

အစည်းအဝေးအစီအစဉ်(        )

အကြောင်းအရာ။ ။ ဂိုးလ်ဒင်း "ဂျေ" ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှဘုရင့်ရုပ်ရှင်ရုံ မြေနေရာတွင် B.O.T စနစ်ဖြင့်ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည် | - ဂိုးလ်ဒင်း "ဂျေ" ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်<br>(Golden "J" Construction Co., Ltd.) |
| ၂။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - BOT စနစ်ဖြင့်ရုံးခန်း၊လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်း လုပ်ငန်း ၊ |
| ၃။ | ဖွဲ့စည်းပုံ | - မြန်မာကုမ္ပဏီ |
| ၄။ | စုစုပေါင်းရင်းနှီး<br>မြှုပ်နှံမှု<br>(နိုင်ငံခြားငွေပါဝင်မှု) | - ကျပ် ၃၅၉.၀၀ သန်း<br>- US $ ၁.၅၀ သန်း<br>- [အမေရိကန်ဒေါ်လာ(၁.၅၀)သန်းတန်ဖိုး<br>- ရှိစက်ပစ္စည်းများနှင့်ဆောက်လုပ်ရေးပစ္စည်း<br>- များကိုစင်ကာပူနိုင်ငံ Boon Huat Electric<br>Pte. Ltd. - မှ ရွှေဆိုင်းငွေ ပေးချေခြင်း<br>- စနစ်ဖြင့်တစ်နှစ်လျှင်အတိုး နှုန်း(၅)ရာခိုင်<br>- နှုန်းဖြင့်(၅)နှစ်အတွင်းပြန်လည်ပေးဆပ်ရ<br>- မည်ဖြစ်ပါသည်။ ] |
| ၅။ | တည်နေရာ | - ဘုရင့်ရုပ်ရှင်ရုံ၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်<br>- ၃၄လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>- ကျောက်တံတားမြို့နယ်၊ |

| | | |
|---|---|---|
| ၆။ | မြေအကြောင်းအရာ | - |
| | - မြေအကျယ်အဝန်း | - (၀.၂)ဧက(၈၀၉.၃ရစတုရန်းမီတာ) |
| | - မြေပိုင်ဆိုင်မှု | - မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင်မြေ |
| | - မြေငှားကာလ | - ကနဦး(နှစ်(၃၀)၊ (၅နှစ်ဝကြိမ်တိုး |
| | | - မြှင့်ခွင့်) |
| | မြေငှားရမ်းခနှုန်း | - တစ်နှစ်လျှင်၁စတုရန်းမီတာလျှင်ကျပ် |
| | | - ၁၅၀၀/-နှုန်း |
| | - မြေအသုံးချမှုပေးငွေ | - ကျပ် သိန်း (၁၂၀၀) |
| | | - ပထမအရစ်ကျပ်သိန်း(၆၀၀)ကိုလက်မှတ် |
| | | - ရေးထိုးသည့်နေ့မှရက်ပေါင်း(၃၀)အတွင်း |
| | | - ဒုတိယအရစ်ကျပ်သိန်း(၆၀၀)ကိုလက်မှတ် |
| | | - ရေးထိုးသည့်နေ့မှတစ်နှစ်အတွင်း |
| ၇။ | ဘဏ်အာမခံကြေး | - ကျပ်(၃.၅)သန်းကိုစာချုပ်လက်မှတ်ရေး |
| | | - ထိုးသည့်နေ့မှရက်ပေါင်း(၃၀)အတွင်း |
| ၈။ | ဝန်ဆောင်မှု | - ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ |
| | | - ပါဝင်သော(၁၀)ထပ်အဆောက်အဦဆောက် |
| | | - လုပ်၍ငှားရမ်းခြင်းဖြင့်ဆောင်ရွက်ရန်။ |
| ၉။ | တည်ဆောက်မှုကာလ | - (၂၄)လ |
| ၁၀။ | နိုင်ငံတော်မှပုံမှန်နှစ်တွင်ရရှိမည့်အကျိုးအမြတ် | - |
| | - ဝင်ငွေခွန်(ကျပ်သန်း) | - ၁၀.၈၄ |
| | - (အမေရိကန်ဒေါ်လာသန်း) | - ၀.၀၉ |
| | - မြေငှားရမ်းခရငွေ (ကျပ်သန်း) | - ၇.၈၀ |
| ၁၁။ | ဝန်ထမ်း | - ၁၀၅ ဦး |
| | - ပြည်တွင်း | - ၉၉ ဦး |
| | - ပြည်ပ | - ၆ ဦး |
| ၁၂။ | အခွန်ကင်းလွတ်ခွင့်/သက်သာခွင့် | - ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရခွင့်ပြုရန် |

[illegible] ၂၆.၁၁.၉၈

## အစည်းအဝေးအမှတ်စဉ် (          )

အကြောင်းအရာ။ "ဂိုးလ်ဒင်း "ဂျေ" ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်မှ သွင်ရုပ်ရှင်ရုံ မြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများ ဆောက်လုပ်မှုများ ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ"

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည် | - ဂိုးလ်ဒင်း "ဂျေ" ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Golden "J" Construction Co. Ltd) |
| ၂။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများ ဆောက်လုပ်မှုများ ငှားရမ်းခြင်းလုပ်ငန်း၊ |
| ၃။ | ဖွဲ့စည်းပုံ | - မြန်မာကုမ္ပဏီ |
| ၄။ | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု<br>(နိုင်ငံခြားငွေပါဝင်မှု) | - ကျပ် ၃၅၈.၀၀ သန်း<br>- US$ ၁.၅၀ သန်း<br>[ အမေရိကန်ဒေါ်လာ (၁.၅၀) သန်း တန်ဖိုးရှိ စက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းများကို စင်ကာပူနိုင်ငံ Boon Hual Electric Pte. Ltd. မှ ကြွေးဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် တင်သွင်းလျက် အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၅) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။ ] |
| ၅။ | တည်နေရာ | - သွင်ရုပ်ရှင်ရုံ၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ၃၄ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ |
| ၆။ | မြေအကြောင်းအရာ | |
| | - မြေကျယ်ဝန်း | - (၀.၂) ဧက (၈၀၉.၃၇ စတုရန်းမီတာ) |
| | - မြေပိုင်ဆိုင်မှု | - မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင်မြေ |
| | - မြေငှားကာလ | - ကနဦး နှစ် (၃၀)၊ (၅ နှစ် ၃ ကြိမ် တိုးမြှင့်ခွင့်) |

| | | |
|---|---|---|
| | - မြေငှားရမ်းခနှုန်း | - တစ်နှစ်လျှင် ၁ စတုရန်းမီတာလျှင် ကျပ် ၁၅၀၀/- နှုန်း |
| | - မြေကသုံးချမှုလေးဝေ | - ကျပ် သိန်း (၁၂၀၀)<br>- ပထမအရစ် ကျပ်သိန်း (၆၀၀) ကို လက်မှတ် ရေးထိုးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း<br>- ဒုတိယအရစ် ကျပ်သိန်း (၆၀၀) ကို လက်မှတ် ရေးထိုးသည့်နေ့မှ တစ်နှစ်အတွင်း |
| ၇။ | ဘဏ်အာမခံကြေး | - ကျပ် (၃.၅) သိန်း ကို သဘောတူလက်မှတ်ရေး ထိုးသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း |
| ၈။ | ဝန်ဆောင်မှု | - ရုံးခန်း၊ လူနေတိုက်ခန်း၊ ဆိုင်ခန်းများ ပါဝင်သော (၁၀)ထပ် အဆောက်အအုံ လုပ်ငန်း ငှားရမ်းခြင်းဖြင့် ဆောင်ရွက်မည် |
| ၉။ | တည်ဆောက်မှုကာလ | - (၂၄) လ |
| ၁၀။ | နိုင်ငံတော်မှ ပံ့ပိုးမှုအတွက် ရရှိမည့် အကျိုးအမြတ် | |
| | - ဝင်ငွေခွန် (ကျပ်သိန်း) | - ၁၀.၈၄ |
| | (အမေရိကန်ဒေါ်လာသန်း) | - ၀.၀၉ |
| | - မြေငှားရမ်းခရငွေ (ကျပ်သိန်း) | - ၇.၈၀ |
| ၁၁။ | ဝန်ထမ်း | - ၁၀၅ ဦး |
| | - ပြည်တွင်း | - ၉၉ ဦး |
| | - ပြည်ပ | - ၆ ဦး |
| ၁၂။ | အခွန်ကင်းလွတ်ခွင့်/သက်သာခွင့် | - ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ ခွင့်ပြုမည်။ |

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်


၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း – ၂၇၂၈၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။


စာအမှတ်၊ ရက-၁/၀၂၀/၉၈(၅၇၀၆ )။

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။

အကြောင်းအရာ။ ။ ကိုးလိဒင်း "ရွှေ" ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဘုရင့်ရုပ်ရှင်ရုံ မြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်း နှင့်ဆိုင်ခန်း များ ဆောက်လုပ်၍ ငှားရမ်းခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့တင်ပြပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၁-၁၁-၉၈) ရက်စွဲပါစာအမှတ်ရက-၁/မ-၉၂၉/၉၈ ( ၅၆၉၇ )၏မိတ္တူစောင်ရေ( ၆၅) စောင်ကိုပူးတွဲပေးပို့အပ်ပါသည်။

အတွင်းရေးမှူး (ကိုယ်စား)

( မောင်မောင်ရီ၊ တွဲဖက်အတွင်းရေးမှူး )။

အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့။



*၅၁၀/၁၁/၉၈။

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၁/မ-၉၂၉/၉၀(၅၆၉၇)။

ရက်စွဲ၊ ၁၉၉၀ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ။ ဂိုးလ်ဒင်း ``ဂျေ`` ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဘုရင့်ရုပ်ရှင်ရုံမြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဂိုး(လ်)ဒင်း ``ဂျေ`` ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်( Gokden "J" Construction Co., Ltd. - )မှပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဘုရင့်ရုပ်ရှင်ရုံမြေနေရာတွင် B.O.T စနစ်ဖြင့်ရုံးခန်း၊ လူနေအိမ်ခန်း နှင့်ဆိုင်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို(၉-၁၁-၉၀)နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၀/၉၀)ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှလုပ်ငန်းဆောင်ရွက်ရန်မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်အရတင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ B.O.T သဘောတူစာချုပ်(မူကြမ်း)နှင့်ရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်တို့ကို နောက်ဆက်တွဲ(၁)အဖြစ် ပေးပို့ထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်း ပမာဏမှာအမေရိကန်ဒေါ်လာ (၁.၅)သန်းအပါအဝင်စုစုပေါင်း ကျပ်(၃၅၉.၀၀)သန်းဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ်(၁၂၅.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ်(၂၂၅.၀၀)သန်းနှင့် စက်ပစ္စည်းကိရိယာနှင့်ဆောက်လုပ်ရေးပစ္စည်းတန်ဖိုး ကျပ်(၉.၀၀)သန်း၊

[အမေရိကန် ဒေါ်လာ (၁.၅၀) သန်း] ထည့်ဝင်ရင်း နှီး မည်ဖြစ်ပါသည်။ စက်ပစ္စည်း နှင့် ဆောက်လုပ်ရေး ပစ္စည်း များ ကိုစင်ကာပူနိုင်ငံ Boon Huat Electric Pte Ltd. - မှ ရွှေဆိုင်း ငွေပေး ချေခြင်း စနစ်ဖြင့်ရယူမည်ဖြစ်ပြီး တစ်နှစ်လျှင်အတိုး နှုန်း (၅) ရာခိုင်နှုန်း ဖြင့် (၅) နှစ်အတွင်း ပြန်လည် ပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ ဤလုပ်ငန်း ကို ဆောင်ရွက်ရန်မြန်မာ့ရုပ်ရှင်လုပ်ငန်း ပိုင် ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ၃၃လမ်း ကြားယခင်ဘုရင့်ရုပ်ရှင်ရုံ မြေ (၀.၂) ဧက (၈၀၉.၃၇တုရန်းမီတာ) ပေါ်တွင်B.O.T စနစ်ဖြင့်ရုံးခန်း၊ ဆိုင်ခန်းနှင့်လူ နေအိမ်ခန်း များ ပါဝင် သော ခေတ်မီ (၁၀)ထပ် အ ဆောက်အဦကို ဆောက်လုပ်၍ငှား ရမ်း ခြင်း လုပ်ငန်း ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပြန်ကြား ရေး ဝန်ကြီး ဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့်ကိုး(လ်) ဒင်း ဂျေ ဆောက်လုပ် ရေး ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုမည့် B.O.T စာချုပ် (မူကြမ်း) ပါ အဓိကအချက်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- မြေငှား ရမ်း သက်တမ်းမှာကနဦး နှစ်၃၀နှင့်လိုအပ်ပါက ၅နှစ် ၃ကြိမ်ငှား ရမ်း ရေးကိုညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
- (၁၀)ထပ်အ ဆောက်အဦကို မြေလွှဲ ပြောင်းလက်ခံရရှိသည့် နေ့မှ (၂၄) လအတွင်းအပြီးတည် ဆောက်ရမည်ဖြစ်ပြီး၊ ပြီးစီးခြင်းမရှိပါက (၂၄) လပြည့်သည့် နေ့မှစ၍လစဉ်သတ်မှတ်ငှား ရမ်း ခများ ကို ပေး သွင်း ရမည်ဖြစ်ပါသည်။
- မြေအသုံး ချမှုပေး ငွေကျပ်သိန်း (၁၂၀၀)ကို ၂ရစ်ခွဲ၍ ပေး ချေ ရမည်ဖြစ်ပါသည်။

ပထမအရစ် - ကျပ်သိန်း (၆၀၀) (လက်မှတ် ရေးထိုးသည့် နေ့မှ ရက် ပေါင်း (၃၀) အတွင်း )

ဒုတိယအရစ် -- ကျပ်သိန်း (၆၀၀) (လက်မှတ် ရေး ထိုး သည့် နေ့မှ တစ်နှစ်အတွင်း )

- မြေငှားရမ်းခအဖြစ်တစ်နှစ်လျှင်တစ်စတုရန်းမီတာလျှင် (၁၅၀၀) ကျပ်နှုန်းဖြင့် (၃) လတစ်ကြိမ်ကြိုတင်ပေးချေရမည်ဖြစ်ပါသည်။
- နှစ်စဉ်ငှားရမ်းခများကို ၅နှစ်တစ်ကြိမ် (၁၅) ရာခိုင်နှုန်းထက် မပိုစေဘဲပြန်လည်ညှိနှိုင်းရမည်ဖြစ်ပါသည်။
- ငှားရမ်းခများကိုခိုင်လုံသောအကြောင်းပြချက်မရှိဘဲ (၃) လအထိ ပျက်ကွက်ပါကငှားရမ်းခြင်းကိုတစ်ဖက်သတ်ရပ်ဆိုင်းပိုင်ခွင့်ရှိပါသည်။
- ဘဏ်အာမခံကြေး ငွေကျပ် (၃.၅) သန်းကိုစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းမှသတ်မှတ်ပေးသောဘဏ်သို့ပေးသွင်းရမည်ဖြစ်ပါသည်။
- ကုမ္ပဏီမှအခန်းဝယ်သူများအား မြေငှားသက်တမ်းကုန်ဆုံးသည်အထိ သာအကျိုးခံစားခွင့်ရှိကြောင်းစာချုပ်တွင်တိကျစွာဖော်ပြရမည်ဖြစ်ပါသည်။
- ငှားရမ်းကာလကုန်ဆုံးသည့်အခါ မြေနှင့်တကွအဆောက်အဦအပါအဝင် အဆောက်အဦနှင့်ဆက်စပ်ပတ်သက်နေသောပစ္စည်းအားလုံးကို ကောင်းမွန်စွာအသုံးပြုနိုင်သည့်အနေအထားအတိုင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့အဖိုးစားနားမဲ့ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။

၅။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့်ကုမ္ပဏီမှပုံမှန်နှစ်တွင်ရရှိမည့်ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

| | ပြည်တွင်း | နိုင်ငံခြား | စုစုပေါင်း |
|---|---|---|---|
| (က) ဝင်ငွေ | ၇၄.၃၂ | ၄.၆၃ | ၇၈.၉၅ |
| (ခ) အသုံးစရိတ် | ၄၉.၀၃ | ၁.၇၀ | ၅၀.၇၃ |
| (ဂ) အသားတင်အမြတ် | ၂၅.၂၉ | ၂.၉၃ | ၂၈.၂၂ |

၆။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့်နိုင်ငံတော်မှပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| - ဝင်ငွေခွန် (ကျပ်သန်း) | ၁၀.၈၄ |
| (အမေရိကန်ဒေါ်လာသန်း) | ၀.၀၉ |
| - မြေငှားရမ်းခရငွေ (ကျပ်သန်း) | ၇.၈၀ |

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်ပြည်တွင်းမှ ဝန်ထမ်း (၉၉) ဦးနှင့် နိုင်ငံခြားသား ဝန်ထမ်း (၆) ဦး ခန့်ထား ဆောင်ရွက်မည်ဟု ဖော်ပြထားပါသည်။

၈။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများ သာလျှင်ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ရယူသည့်ချေးငွေသည်အကြွေးပေးသူနှင့်ယူသူကုမ္ပဏီ၏တာဝန်သာဖြစ်ပြီး နိုင်ငံတော်နှင့်မသက်ဆိုင်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၉။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ အနက်လုပ်ငန်းနှင့်သက်ဆိုင်သည့်အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန် ကော်မရှင်မှ သို့နှိုင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၀။ <u>ဆုံးဖြတ်ရန်အချက်</u>။

(က) ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဘုရင့်ရုပ်ရှင်ရုံ မြေနေရာတွင် B.O.T. စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန်သဘောတူ - မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ရန်သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန်သဘောတူ - မတူ။

၁၁။ မြန်မာနိုင်ငံရင်း နွယ်ဖွားမှုကော်မရှင်၏ ထောက်ခံချက်။

အစိုး ရအဖွဲ့၏ဆုံး ဖြတ်ချက်ကို နာခံအပ်ပါသည်။

[ဗိုလ်မှူး ချုပ် မောင်မောင်]
ဝန်ကြီး
နိုင်ငံ တော် အေး ချမ်း သာယာ ရေး နှင့်
ဖွံ့ဖြိုး ရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်း ရေး မှူး
မြန်မာနိုင်ငံရင်း နွယ်ဖွားမှုကော်မရှင်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုး ရအဖွဲ့။



မာ*၁၁/၁၁/၉၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(ခ) /၉၂၉/ ၉၀ (၁၄၆၀)၊
ရက်စွဲ၊ ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်။

## အမှာစာ

အကြောင်းအရာ။ ။ ဂိုးလ်ဒင်း "ဂျေ" ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဘုရင့်ရုပ်ရှင်ရုံမြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဂိုး(လ်)ဒင်း"ဂျေ" ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်( Golden "J" Construction Co.,Ltd.) မှ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဘုရင့်ရုပ်ရှင်ရုံမြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုချက်ရရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို ( ၃-၇-၉၀ ) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၁၂/၉၀ ) ကြိမ်မြောက်ကိုယ်တွေ့အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ပါသည်။

(၁) Land Use Premium ကျပ်သိန်း ၁၂၀၀ ကို ၂ ရစ်ခွဲ၍ ပေးသွင်းရန်သဘောတူကြောင်း၊

(၂) နှစ်စဉ်ငှားရမ်းခအနေဖြင့် Lettable Area အပေါ် ၁ စတုရန်းမီတာလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် တောင်းခံရန်၊

(၃) တက်အာမခံကြေးအဖြစ် ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁ % ပေးသွင်းရန်။

(ဃ) ပြည်ပမှတင်သွင်း မည့်စက်ပစ္စည်းအပေါ်က အကောက်အခွန် ပုံစံဒီဇိုင်း နှင့်ညီညွတ်မှုရှိ စေရန်အတွက်ပြန်လည်တွက်ချက် တင်ပြရန်၊

(င) Car Parking -- အတွက် အောက်ထပ်ထွင်တည် ဆောက်မှုအပိုင်း ဒီဇိုင်းသွင်း ရေးဆွဲစီစဉ်ပေးရန်၊

(စ) ကုမ္ပဏီ၏ Status and Standing တင်ပြရန်၊

ပြန်လည်ပြင်ဆင်ပြီး တင်ပြလာပါကမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ပြန်လည်တင်ပြရန်ကိုး ဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရပြင်ဆင်ပြီး တင်ပြလာသဖြင့် ကော်မရှင်သို့ဆက်လက်တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ B.O.T သဘောတူစာချုပ် (မူကြမ်း)၊ ရှေ့နေချုပ်ရုံး၏သဘောထား မှတ်ချက် နှင့်ငွေရေးကြေးရေးဆိုင်ရာ အတွက်အချက်များကို နောက်ဆက်တွဲ(၁) အဖြစ်တင်ပြထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၅)သန်းအပါအဝင် စုစုပေါင်း ကျပ်(၃၅၉.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ်(၁၂၅.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ်(၂၂၅.၀၀)သန်းနှင့် စက်ပစ္စည်း ကိရိယာနှင့် ဆောက်လုပ်ရေး ပစ္စည်း တန်ဖိုး ကျပ်(၉.၀၀)သန်း၊ [အမေရိကန်ဒေါ်လာ(၁.၅၀)သန်း] ထည့်ဝင်ရင်းနှီး မည်ဖြစ်ပါသည်။ စက်ပစ္စည်းနှင့်ဆောက်လုပ်ရေး ပစ္စည်း များကိုစင်ကာပူနိုင်ငံ Boon Huat Electric Pte. Ltd. မှ ရှေ့ဆိုင်း ငွေပေး ချေခြင်း စနစ်ဖြင့်ရယူမည်ဖြစ်ပြီးတစ်နှစ် အချိုးအတိုး နှုန်း (၅) ရာခိုင်နှုန်း ဖြင့်(၅) နှစ်အတွင်း ပြန်လည် ပေးဆပ် ရမည်ဖြစ် ပါသည်။

၃။ ဤလုပ်ငန်း ကို ဆောင်ရွက်ရန်မြန်မာ့ရုပ်ရှင်လုပ်ငန်း ပိုင်ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ၃၄ လမ်းကြား၊ ယခင် ရုပ်ရှင်ရုံမြေ (၀.၂) ဧက (၈၀၉.၃၄ စတုရန်းမီတာ) ပေါ်တွင် B.O.T စနစ်ဖြင့်ရုံးခန်း၊ ဆိုင်ခန်းနှင့်လူနေအိမ်ခန်းများ ပါဝင်သော ခေတ်မီ(၁၈)ထပ် အဆောက်အဦကို ဆောက်လုပ်၍ငှားရမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဖြန့်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ဂိုး(လ်)ဒင်းဧရာ ဂေါက်လိုင်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့် B.O.T စာချုပ် (မူကြမ်း) ပါအဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- မြေငှားရမ်းသက်တမ်းမှာ ကနဦး နှစ် ၃၀ နှင့် လိုအပ်ပါက ၅ နှစ် ၃ကြိမ် ငှားရမ်းရေး ကို ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
- (၁၀) ထပ်အ ဆောက်အဦကို မြေလွှဲပြောင်း လက်ခံရရှိသည့်နေ့မှ (၂၄) လအတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ပြီး၊ ပြီးစီးခြင်းမရှိပါက (၂၄) လပြည့်သည့်နေ့မှ စ၍ လစဉ်သတ်မှတ် ငှားရမ်းခများကို ပေးသွင်းရမည်ဖြစ်ပါသည်။
- မြေအသုံးချမှုပေး ငွေကျပ်သိန်း (၁၂၀၀) ကို ၂ ရစ်ခွဲ၍ ပေးချေရမည်ဖြစ်ပါသည်။

  ပထမအရစ် - ကျပ်သိန်း (၆၀၀) (လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း)

  ဒုတိယအရစ် - ကျပ်သိန်း (၆၀၀) (လက်မှတ်ရေးထိုးသည့်နေ့မှ တစ်နှစ်အတွင်း)
- မြေငှားရမ်းခအဖြစ်တစ်နှစ်လျှင်တစ်ကြိမ် ရန်း မီတာ ၁လျှင် (၁၅၀၀) ကျပ်နှုန်းဖြင့် (၃) လတကြိမ်ကြိုတင် ပေးချေရမည်ဖြစ်ပါသည်။
- နှစ်စဉ်ငှားရမ်းခများကို ၅ နှစ်တစ်ကြိမ် ၁၅% ထက်မပို စေဘဲ ပြန်လည်သုံးသပ်ညှိနှိုင်းရမည်ဖြစ်ပါသည်။
- ငှားရမ်းခများ ကိုနိုင်ငံသုံးသောအကြောင်းပြချက်မရှိဘဲ (၃) လ အထိ ပျက်ကွက်ပါကငှားရမ်းခြင်းကိုတစ်ဖက်သတ် ရုပ်သိမ်းပိုင်ခွင့်ရှိပါသည်။
- ကတိအာမခံကြေး ငွေကျပ် (၃.၅) သန်းကိုစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်းမြန်မာ့ရုပ်ရှင်လုပ်ငန်းမှ သတ်မှတ်ပေးသောဘဏ်သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

- ကုမ္ပဏီမှအခန်း ဝယ်သူများ အား မြေငှား သက်တမ်း ကုန်ဆုံးသည့် အထိသာအကျိုးခံစားခွင့်ရှိ ကြောင်း စာချုပ်တွင်တိကျစွာဖေါ်ပြ ရမည် ဖြစ်ပါသည်။
- ငှား ရမ်း ကာလကုန်ဆုံးသည့်အခါ မြေနှင့်တကွ အဆောက်အဦအပါအဝင်အ ဆောက်အဦနှင့်ဆက်စပ်ပတ်သက် နေ သော ပစ္စည်းအား လုံး ကို ကောင်းမွန်စွာအသုံး ပြုနိုင်သည့်အ နေအထား အတိုင်းမြန်မာ့ ရုပ်ရှင်လုပ်ငန်း သို့အဖိုးစား နား မဲ့ပြန်လည်လွှဲ ပြောင်း ပေးရ မည်ဖြစ်ပါသည်။

၅။ ဤလုပ်ငန်း ကို ဆောင်ရွက်ခြင်းဖြင့်ကုမ္ပဏီမှ ပုံမှန်နှစ်တွင်ရရှိမည့် ဝင်ငွေနှင့်အသုံး စရိတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

| | ပြည်တွင်း | နိုင်ငံခြား | စုစုပေါင်း |
|---|---|---|---|
| (က) ဝင်ငွေ | ၇၄.၃၂ | ၄.၆၃ | ၇၈.၉၅ |
| (ခ) အသုံးစရိတ် | ၄၉.၀၃ | ၁.၇၀ | ၅၀.၇၃ |
| (ဂ) အသားတင်အမြတ် | ၂၅.၂၉ | ၂.၉၃ | ၂၈.၂၂ |

၆။ ဤလုပ်ငန်း ကို ဆောင်ရွက်ခြင်း ဖြင့်နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့်အကျိုး အမြတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| - ဝင်ငွေခွန် (ကျပ်သန်း) | ၁၀.၈၄ |
| (အမေရိကန် ဒေါ်လာသန်း) | ၀.၀၉ |
| - မြေငှားရမ်းခရငွေ (ကျပ်သန်း) | ၇.၈၀ |

၇။ ဤလုပ်ငန်း ကို ဆောင်ရွက်ရန်ပြည်တွင်း မှဝန်ထမ်း (၉၉) ဦးနှင့် နိုင်ငံခြား သား ဝန်ထမ်း (၆) ဦး ခန့်ထား ဆောင်ရွက်မည်ဟုဖော်ပြထားပါသည်။

၈။ ဤလုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာလျှင်ပိုင်ဆိုင် သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ ပတ်ဝန်း ကျင်ညစ်ညမ်းမှု၊ မီး ဘေးအန္တရာယ်များ မဖြစ်ပွား စေရန်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထား မည် ဖြစ်ကြောင်း၊ နိုင်ငံခြား မှရယူသည့် ချေး ငွေသည်အား ချေး ပေး သူနှင့်ယူသူကုမ္ပဏီ၏ တာဝန်သာဖြစ်ပြီး နိုင်ငံ တော်နှင့်မသက်ဆိုင် ကြောင်းဝန်ခံကတိပြုထား ပါသည်။

၉။ ဤလုပ်ငန်းဆောင်ရွက်ရန် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားအဖြစ် ကုမ္ပဏီ၏အာရှခနာဘဏ်လီမိတက်၌ ဘဏ်စာရင်း ၆ ကိုတင်ပြထားပါသည်။

၁၀။ ဤလုပ်ငန်းကိုဆောင်ရွက်ရန် မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေးကာလအတွင်း Saloon (၁) စီး၊ Pick -up (၁) စီးနှင့် Truck (၁) စီးတို့ကို အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် Station Wagon (၁) စီး၊ Mini Bus (၁) စီး၊ Truck (၁) စီးကို အခွန်အကောက် (၅၀) ရာခိုင်နှုန်းသက်သာခွင့်ဖြင့်လည်းကောင်းတင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၉၀) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ မြန်မာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုတောင်းခံထားရာ ယင်းအပေါ်သုံးသပ်တင်ပြချက်ကို ပူးတွဲ တင်ပြထားပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) ဂိုး(လ်)ဒင်းဂျေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဘုရင့်ရုပ်ရှင်ရုံမြေနေရာတွင် B.O.T စနစ်ဖြင့် ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဆိုင်ခန်းများဆောက်လုပ်၍ ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) သဘောတူပါက အထက်အပိုဒ် (၁၂) ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

အတွင်းရေးမှူး (ကိုယ်စား)
[ မောင်မောင်ရိုး၊ တွဲဖက်အတွင်းရေးမှူး ]

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။



* ဗိန် ၃၁-၁၀-၆၀။

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်းသုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ (၁၃) (က) အရ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပေးသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ဝန်ဆောင်မှုလုပ်ငန်းကြောင့် ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ကို လုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဃ) အရ ဝန်ဆောင်မှုလုပ်ငန်းအဖြစ်အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သောကာလအထိဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းကိုအကျုံးဝင်ခြင်းမရှိဟု သုံးသပ်ရပါသည်။

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ကို အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့်မူလတန်ဖိုးပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှ သတ်မှတ်သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့် စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများအပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

သို့.၉က်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ရန်ကုန်မြို့

**စန်ထမ်းဟူသည်ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်**

**ရိုးသားကြိုးစား လုပ်အားဖြင့်နိုင်ငံတည်**

**တိကျ မှန် မြန်**

အမှာစာအမှတ် ၂-၁၀(၇၇/၉၈)/၂၂၈၆

ရက်စွဲ၊ ၁၉၉၈ ခု၊ နိုဝင်ဘာ လ ၁၀ ရက်။

အကြောင်းအရာ။ ။ <u>မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ ရုပ်ရှင်ရုံများကို B O T စနစ်ဖြင့် ငှားရမ်းခွင့်ပြုပါရန် ကိစ္စ။</u>

ရည်ညွှန်းချက် ။ ။ ဤဝန်ကြီးရုံး၏ ၂၆-၁၀-၉၈ ရက်စွဲပါစာအမှတ်၊ ၂-၁၀(၇၇/၉၈)/၂၂၃၁ ။

မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ ရန်ကုန်မြို့ ၊ ကျောက်တံတားမြို့နယ် " ဘုရင့်" ရုပ်ရှင်ရုံမြေနေရာကို B O T စနစ်ဖြင့် ငှားရမ်းခွင့်ပြုရေးနှင့် ပတ်သက်၍ ဂိုး ( လ် ) ဒင်းဂျေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အဆိုပြုလွှာ ( ၂၅ ) စောင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ဒုတိယဝန်ကြီး ( ကိုယ်စား )
( ခင်မောင်မြင့် ၊ ရုံးအဖွဲ့မှူး )

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ။</u>

မိတ္တူကို-

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ပေးပို့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ရန်ကုန်မြို့

**ဝန်ထမ်းဟူသည်ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်**

**ရိုးသားကြိုးစား လုပ်အားမြင့်နိုင်ငံတည်**

**တိကျ မှန် မြန်**

စာအမှတ်၊ ၂ - ၁၀ ( ၇၇ / ၉၈ )
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်။

အကြောင်းအရာ။ ။ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ ရုပ်ရှင်ရုံများကို B. O. T စနစ်ဖြင့် ငှားရမ်းခွင့်ပြုပါရန် ကိစ္စ။

ရည်ညွှန်းချက်။ ။ ဤဝန်ကြီးဌာန ဝန်ကြီးရုံး၏ -
(၁) ၂၀ - ၅ - ၉၈ ရက်စွဲပါစာအမှတ်၊ ၂ - ၁၀ ( ၇၇/၉၈ )၊
(၂) ၂ - ၆ - ၉၈ ရက်စွဲပါစာအမှတ်၊ ၂ - ၁၀ ( ၇၇ / ၉၈ )၊

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ ကျောက်တံတားမြို့နယ်၊ ဘုရင့်ရုပ်ရှင်ရုံ၊ သွင်နှင့် ဆုထူးပန်ရုပ်ရှင်ရုံများအတွက် အဆိုပြုချက်များကို ရည်ညွှန်း(၁)ပါစာဖြင့် လည်းကောင်း၊ လမ်းမတော်မြို့နယ်၊ စံပြနှင့် ကေသွယ်ရုပ်ရှင်ရုံများအတွက် အဆိုပြုချက်များကို ရည်ညွှန်း (၂) ပါစာဖြင့် လည်းကောင်း၊ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ရုပ်ရှင်ရုံ ( ၅ ) ရုံကို B. O. T စနစ်ဖြင့် နှစ်ရှည်ငှားရမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ပြုစုထားသည့် အဆိုပြုချက် (၂၅) စုံစီကို ပူးတွဲတင်ပြအပ်ပါသည်။

ဝန်ကြီး ( ကိုယ်စား )
( ဗိုလ်မှူးချုပ် အောင်သိန်း၊ ဒုတိယဝန်ကြီး )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မိတ္တူကို-
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ရန်ကုန်မြို့

စာအမှတ် ၊ ၂ - ၁၀ ( ၇၇ / ၉၈ )
ရက်စွဲ ၊ ၁၉၉၈ ခုနှစ် ၊ မေလ ( ၂၀ ) ရက်

အကြောင်းအရာ ။ ။ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်အောက်ရှိ ရုပ်ရှင်ရုံများကို BOT စနစ်ဖြင့် ငှားရမ်းခွင့်ပြုပါရန်ကိစ္စ ။

ရည်ညွှန်းချက် ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၂ - ၅- ၉၈ ရက်စွဲပါစာအမှတ် ၊ ၂ - ၁၀ ( ၇၇ / ၉၈ )

၁။ ပြန်ကြားရေးဝန်ကြီးဌာန ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းလက်ဝယ်ရှိ ရုပ်ရှင်ရုံ ( ၉ ) ရုံကို ပုဂ္ဂလိကလုပ်ငန်းရှင်များက B.O.T ( Built Operate & Transfer )စနစ်ဖြင့် ငှားရမ်းရန် အဆိုပြုချက်များအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် အထက်ရည်ညွှန်းပါစာဖြင့် တင်ပြခဲ့ရာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တစ်ရုံချင်း၏ အဆိုပြုချက်များကို ပြန်လည်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ ရန်ကုန်မြို့ ၊ ကျောက်တံတားမြို့နယ်ရှိ ဘုရင့်ရုပ်ရှင်ရုံ (သွင်နှင့် ဆုထူးပန်)ရုပ်ရှင်ရုံကို BOT စနစ်ဖြင့် ငှားရမ်းခွင့်ပြုရေးအတွက် လိုအပ်သော အဆိုပြုချက် ( ၁၅ ) စုံစီကို ပူးတွဲတင်ပြအပ်ပါသည်။

ဝန်ကြီး ( ကိုယ်စား )
( ဗိုလ်မှူးချုပ် အောင်သိန်း ၊ ဒုတိယဝန်ကြီး )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မိတ္တူကို -

\- ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း သို့ပေးပို့ပါသည်။

ဂိုးဒင်း 'ဂျေ' ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
GOLDEN 'J' CONSTRUCTION CO., LTD.

NO. 2(A), THUKAWADI STREET, YANKIN TOWNSHIP, YANGON, MYANMAR.
TEL : 01-579086, FAX : 01-665004

Ref :

Date : ...................................

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ ။ ။၁၉၉၈ ခုနှစ်၊ မေလ (၁၉ ) ရက်

(က) ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)ပါ "လုပ်ငန်း" ခေါင်းစဉ်အောက်တွင် ရုပ်ရှင်ရုံတည်ရှိရာ မြေကွက်တွင် ခေတ်မီအဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ကြောင်း တွေ့ရှိရသော်၊ ယင်းမြေကွက်ပေါ်ရှိလက်ရှိအဆောက်အအုံနှင့်ပစ်လည်း ပြည်သူ့ဘဏ္ဍာ အဆောက်အအုံတိုဖြိုဖျက်မည်၊ ပြည်သူ့ဘဏ္ဍာနစ်နာမှုခံရ မည်စသည့်ပိုကို ရှောင်ကွင်းနိုင်ပေါက်အခြင်းပွားမှုမဖြစ်စေရန် စာချုပ်တွင် ထိထိရောက်ရောက် ပုဒ်မ ရေးသားသင့်ပါသည်၊

(ခ) [illegible]
များ၊ အပိုဒ်(ဣ)တွင် "မူလအဆောက်အအုံ ပိုင်ဆိုင်ခွင့်
[illegible] ......... တည်ဆဲဥပဒေ [illegible]
[illegible] များ နှင့်ညီညွတ်မှုရှိ မရှိစိစစ်ပြီး သဘောတူ
နှင့်မှုရမည်" ဟု ရေးသားထားရာ "မူလအဆောက်အ
အုံ ပိုင်ဆိုင်ခွင့်" ဆိုသည်မှာ မည်သည့်အဆောက်အအုံကို ဆိုလို
ကြောင်း မရှင်းပါသဖြင့် ရှင်းလင်းစွာပြန်လည်ရေးသား
သင့်ပါသည်။

(ဂ) ဝချုပ်(မူကြမ်း)အပိုဒ် ၂ တွင်ငှား ရမ်းမည့်ကာလကို
မည်သည့်နေ့မှစတင် ရေတွက်မည်ဖြစ်ကြောင်း တိတိကျကျ ဖော်
ပြထားခြင်း မရှိသဖြင့် ငှား ရမ်း ကာလကိုမည်သည့် နေ့မှ
စတင်၍ ရေတွက်မည်ဖြစ်ကြောင်း အပိုဒ်ခွဲ(ခ)တွင်ဖြည့်စွက်
ဖော်ပြပေးလိုက်ပါသည်၊

(ဃ) စာချုပ်လက်မှတ်ရေးထိုး ချုပ်ဆိုသောအခါတွင် နောက်ဆက်တွဲ
(ဣ) မြေပုံနှင့်နောက်ဆက်တွဲ(ခ) ဆောက်လုပ်မည့်အဆောက်
အဦ ပိုင်ဆိုင်ခွင့်များ၊ စာချုပ်တွင်ပူးတွဲဖော်ပြထားပြီး
ဖြစ်ရန်လိုအပ်ပါသည်၊

(င) တံဆိပ်ခေါင်းအက်ဥပဒေ ၅ အရ အစိုးရ၏အဘူးခွင့်ပြု
ချက်မရရှိသေး လျှင်မြေငှားရမ်းသည့်စာချုပ်ပေါ်တွင်
တည်ဆဲတံဆိပ်ခေါင်း ဥပဒေအရ တစ်နှစ်လုံး ပျမ်းမျှငှားရမ်း
ခ၏ ၅% နှင့်ညီမျှ သော တံဆိပ်ခေါင်း ခွန်ကိုအငှားချထား
ခြင်း ခံရသူ က ထမ်းဆောင်ရပါမည်။

၃။ ယခုစာချုပ်(မူကြမ်း)သည်နမူနာပုံစံသာဖြစ်သဖြင့်အ လျှောက်ထား သူ ရပ်
[illegible] စာချုပ်ချုပ်ဆိုရန်ဖြစ်နိုင်မည်မဟုတ်ပါ။ စာချုပ်ဝင်များ
[illegible]
[illegible]
[illegible] / [illegible] များ ပြုလုပ်၍ အဆုံးပြုသည့်အခါ စာပိုဒ် တစ်ခု
နှင့်တစ်ခု ရှေ့နောက်ညီညွတ်မှုရှိရေး အထူး သတိပြုရန်လိုအပ်မည်ဖြစ် ပါ
ကြောင်း ဖော်ပြအပ်ပါသည်။

[illegible]
ကုန်သွယ်မှု ခင်ပွန်းကြီး အား သော ကုန်ကုန်းမှုများ ထုတ် မထုတ်၊ ဝိသေသစ္စာပါသုဝင်နှင်း
များ ကို ဆောင်ရွက်နိုင်စွမ်း ရှိ မရှိ၊ ငွေ ကြေး ပြည့်စုံမှု ရှိ မရှိ၊ သက်မှတ်
ရေး ဘိုး မည့်ပုဂ္ဂိုလ်သည်တရား ဝင်သွင်းခြင်း ခံရသူဟုတ် မဟုတ်စသည် တို့ကို
သက်နိုင်ရာ ဌာနမှ ထောက်ခံချက် များ ဆောင်း ထုတ်ပေးသင့်ပါသည်။

၃။ အစိုး ရပိုင်ရှစ်ရှင်ရုံများ တည်ရှိရာ မြေကွက်ကိုအငှား ချ ထား
ခြင်း နှင့်ဝပ်လှည်း မှု ရွေး ဦး စွာအစိုး ရအဖွဲ့သို့တင်ပြ၍ မူအား ဖြင့်သဘော
တူညီချက် ရယူပြီး မှသာ မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ တည်ဆဲ
လုပ်ထုံး လုပ်နည်း များ နှင့်အညီဆက်လက်တင်ပြ၍ ဆောင်ရွက်သွားရန်ဖြစ် ပါ
သည်။

၆။ ၂ာ ချုပ်လက်မှတ်ရေး ထိုး ချုပ်ဆိုပြီး ပါက မှတ်တမ်း တင်ထား နိုင်
ရန်မိတ္တူ(၃) စုံ ကို ပေး ပို့ရန် မေ ၂ ရစ်ခံအပ်ပါသည်။

သွန်ကြား ရေး မှူး ချုပ်(ကိုယ်စား )
( ဝန်းမောင်၊ သွန်ကြား ရေး မှူး )

ဦး ဆောင်သွန်ကြား ရေး မှူး
ရုပ်ရှင်လုပ်ငန်း ( ရုံး ချုပ် )

# ပြန်ကြားရေးဝန်ကြီးဌာန
# မြန်မာ့ရုပ်ရှင်လုပ်ငန်း
# နှင့်
# ဂိုးဒင်း“ဂျေ”ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
# တို့အကြားချုပ်ဆိုသော
# ( B.O.T )ဘီအိုတီစနစ်အရ မြေငှားရမ်းခြင်းသဘောတူစာချုပ်

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

ဤမြေငှားရမ်းခြင်းသဘောတူစာချုပ်ကို ၁၉၉၈ ခုနှစ်၊ -----လ၊ ( )ရက်နေ့တွင် ရန်ကုန်မြို့၌ ရုပ်ရှင်လုပ်ငန်း (နောင်တွင် **“အငှားချထားသူ”** ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၄င်း၏တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကို ကိုယ်စားပြုသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးတင်ဖေ က တစ်ဖက်

နှင့်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ် ၂/က တွင်တည်ရှိသည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားပိုင် **ဂိုးဒင်း“ဂျေ”ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်** (နောင်တွင် **“အငှားချထားခြင်းခံရသူ”** ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ယင်းကုမ္ပဏီ၏ ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်) ကို ကိုယ်စားပြုသော မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဝင်း က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များနှင့်အညီ ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြပါသည်။

**လုပ်ငန်း**

(က) အငှားချထားသူ က ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၃၄ လမ်း နှင့် မဟာဗန္ဓုလ ပန်းခြံလမ်းကြားရှိ ဘုရင့်ရုပ်ရှင်ရုံ တည်ရှိသော နောက်ဆက်တွဲ(က)တွင်ဖော်ပြထားသည့် မြေကွက်အား တရားဝင် ပိုင်ဆိုင်သူဖြစ်ပါသည်။ အငှားချထားခြင်းခံရသူကလည်း ဖော်ပြပါမြေကွက်ပေါ်တွင် ခေတ်မီ(၁၅)ထပ် အဆောက်အအုံ ဆောက်လုပ်၍ လူနေခန်းများ၊ ရုံးခန်းများ၊ ဈေးဆိုင်ခန်းများထားရှိရန် ဆန္ဒရှိပါသည်။ ရုပ်ရှင်ရုံဟောင်းအတွင်းရှိ ပစ္စည်းအားလုံးနှင့် အဆောက်အဦးဖျက်သိမ်းခြင်း၊ ရှင်းလင်းခြင်းတို့ကို မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

(ခ) အငှားချထားခြင်းခံရသူ က ၁၀၀% ရင်းနှီးမြှုပ်နှံ၍ အဆောက်အအုံဆောက်လုပ်ကာ အနှစ်(၃၀) ငှားရမ်းလုပ်ကိုင်ရန်ဖြစ်ပါသည်။ (၁၀) ထပ်အဆောက်အအုံကို ကျပ်သိန်း ၃၅၀၀ (ကျပ်သိန်းပေါင်းသုံးထောင်ငါးရာတိတိ ) အကုန်ကျခံ၍ ဆောက်လုပ်မည်ဖြစ်ပါသည်။

**၁။ အာမခံခြင်း ( Warranty ) နှင့် ကိုယ်စားပြုခြင်း ( Representation )**

အငှားချထားသူ နှင့် အငှားချထားခြင်းခံရသူတို့သည် သက်ဆိုင်ရာဥပဒေများအရ ဤသဘောတူစာချုပ်ပါ လုပ်ငန်းကိုလုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြောင်းနှင့် ဤစာချုပ်ကိုချုပ်ဆိုရန် အခွင့်အာဏာရှိသူနှင့် ငွေကြေးအင်အားတောင့်တင်းခိုင်မာသူများ ဖြစ်ကြောင်းအသီးသီး တင်ပြတာဝန်ယူကြပါသည်။

**၂။ စာချုပ်သက်တမ်း**

(က) ဤသဘောတူစာချုပ်အရ မြေငှားရမ်းကာလမှာ တည်ဆောက်ရေးကာလ (၂၄)လပြည့်သည့်နေ့မှစ၍ အနှစ်(၃၀) ဖြစ်ပါသည်။ သို့ရာတွင်လိုအပ်ပါကနှစ်တိုး(၅)နှစ်၊ (၃)ကြိမ်ဆက်တိုက်ငှားရမ်းရေးကို ထပ်မံညှိနှိုင်းဆောင်ရွက်ပါမည်။ ဤစာချုပ်ကိုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ ဖော်ပြပါမြေကို အငှားချထားသူက အငှားချထားခြင်းခံရသူသို့ မြေကိုလွှဲပြောင်းပေးရမည်။ အငှားချထားခြင်းခံရသူ တည်ဆောက်မည့်ခေတ်မီ(၁၀)ထပ် အဆောက်အအုံသည် အငှားချထားသူ၏အတည်ပြုချက်ရရှိပြီးသောပုံစံ၊ စံချိန်စံညွှန်းများနှင့် အညီဖြစ်ရမည်။

(ခ) အငှားချထားခြင်းခံရသူသည် ခေတ်မီ(၁၀)ထပ်အဆောက်အအုံကို မြေလွှဲပြောင်းလက်ခံရရှိသည့် နေ့မှ(၂၄)လအတွင်းအပြီးတည်ဆောက်ရမည်။ (၂၄)လပြည့်သည်အထိ တည်ဆောက်၍ ပြီးစီးခြင်း မရှိပါကလည်း(၂၄)လပြည့်သည့်နေ့မှစ၍ လစဉ်သတ်မှတ်ထားသောငှားရမ်းခများကိုပေးသွင်းရမည်။ မြေငှားကာလကိုလည်း တည်ဆောက်ရေးအတွက် ခွင့်ပြုထားသော(၂၄)လ ပြည့်ပြီးနောက်တစ်နေ့မှ စတင်၍ ရေတွက်ရမည်။

**၃။ မြေအသုံးချမှုပရီမီယံ (Land Use Premium )**

အငှားချထားခြင်းခံရသူသည် မြေအသုံးချမှုပရီမီယံ(Land Use Premium )အဖြစ် ရုပ်ရှင်ရုံတည်ရာ မြေအကျယ်အဝန်းအရ (၀ .၂)ဧက အပေါ် ကျပ်ငွေ(၁၂၀၀)သိန်းကို အငှားချထားသူသို့ ပေးဆောင်ရမည်ဖြစ်သည်။ အငှားချထားခြင်းခံရသူက အငှားချထားသူထံသို့ မြေအသုံးချမှုပရီမီယံ(Land Use Premium ) အဖြစ် ပေးချေ ရမည့် ကျပ်ငွေ(၁၂၀၀)သိန်း၏တစ်ဝက်ဖြစ်သော ကျပ်ငွေ(၆၀၀)သိန်းကို ဤမြေငှားသဘောတူစာချုပ်လက်မှတ် ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးချေရမည်ဖြစ်ပြီး၊ ကျန်ရှိသော ကျပ်ငွေ(၆၀၀)သိန်း ကို ဤမြေငှား သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ တစ်နှစ်အတွင်းပေးချေရမည်။

**၄။ အဆောက်အဦးအခန်းများငှားရမ်းခနှုန်းထားသတ်မှတ်ချက်**

အငှားချထားခြင်းခံရသူသည် မိမိအစီအစဉ်ဖြင့် (၁၀)ထပ်အဆောက်အအုံကို ဆောက်လုပ်မည်ဖြစ်ရာ အောက်ဖော်ပြပါစုစုပေါင်းကြမ်းခင်းဧရိယာ ၆၄၉၆ စတုရန်းမီတာ၏(၈၀)ရာခိုင်နှုန်းနှင့်ညီမျှသော အောက်ဖော်ပြပါ အသုံးပြုနိုင်သည့်ကြမ်းခင်းဧရိယာ ၅၁၉၈ စတုရန်းမီတာအပေါ်တွင် တစ်စတုရန်းမီတာလျှင် ကျပ် ၁၅၀၀/ (ကျပ်တစ်ထောင်တစ်ငါးရာတိတိ)နှုန်းဖြင့် စုစုပေါင်းနှစ်စဉ်ငှားရမ်းခငွေကျပ် ရရ.၉၅၅ သိန်းကို အငှားချထားသူထံသို့ပေးချေရမည်။ အဆောက်အအုံ၏အထပ်အလိုက် အသုံးပြုနိုင်မည့်ကြမ်းခင်း ဧရိယာအကျယ်အဝန်းနှင့်ငှားရမ်းခတွက်ချက်မှု မှာအောက်ပါအတိုင်းဖြစ်သည်။

| | | | |
|---|---|---|---|
| ( Ground Floor ) | = | ၅၁၉.၅၀ | စတုရန်းမီတာ |
| ( First Floor ) | = | ၅၁၉.၅၀ | စတုရန်းမီတာ |
| ( 2nd to 9th Floor ) | = | ၄၁၅၅.၆၀ | စတုရန်းမီတာ |
| စုစုပေါင်း | = | ၅၁၉၈.၀၀ | စတုရန်းမီတာ |
| တစ်စတုရန်းမီတာလျှင် ၁၅၀၀ /-နှုန်း | = | ၅၁၉၈ x ၁၅၀၀/- | |
| | = | ၇၇၉၅၅၀၀/- = ၇၇.၉၅၅ သိန်း | |

၄-၂ အငှားချထားခြင်းခံရသူသည် အငှားချထားသူအား နှစ်စဉ်ငှားရမ်းခများကို ဘဏ္ဍာရေးနှစ် အလိုက် (၃)လ တစ်ကြိမ် ကြိုတင်ပေးချေရမည်။ ပေးချေရာတွင် သက်ဆိုင်ရာ(၃)လပတ်၏ပထမလ(--) ရက်အတွင်း ကြိုတင် ပေးချေရမည်။

၄-၃ အငှားချထားသူသည် ငှားရမ်းခနှုန်းထားများကို ငါးနှစ်တစ်ကြိမ် ပြန်လည်စိစစ်ခွင့်ရှိရမည်။ ထို့သို့ပြင်ဆင်သတ်မှတ်သည့်နှုန်းထားသည် မည်သည့်အခါတွင်မျှ ပြီးခဲ့သော(၅)နှစ်ကာလအတွက် သတ်မှတ်သည့် နှစ်စဉ်ငှားရမ်းခနှုန်းထား၏ ၁၅ %(တစ်ဆယ့်ငါးရာခိုင်နှုန်း) ထက် မပိုစေရ။

## ၅။ ပျက်ကွက်ခြင်းတာဝန်

အငှားချထားခြင်းခံရသူသည် ငှားရမ်းခပေးသွင်းခြင်းကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ (၃)လအထိ ပျက်ကွက်ပါက အငှားချထားသူသည် ငှားရမ်းခြင်းကို တစ်ဖက်သတ်ရပ်ဆိုင်းပိုင်ခွင့်ရှိသည်။

## ၆။ အငှားချထားသူ၏ တာဝန်များ

အငှားချထားသူသည် အောက်ပါတို့ကိုလိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) နောက်ဆက်တွဲ(ဂ)ပါအဆောက်အအုံ၏ ပုံစံဒီဇိုင်းကိုလည်းကောင်း၊ ပြင်ဆင်ထားသည့်ပုံစံ၊ ဒီဇိုင်းကို လည်းကောင်း၊ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အညီညွတ်မှုရှိ/မရှိ စိစစ်ပြီး သဘောတူ ခွင့်ပြုရမည်၊

(ခ) အငှားချထားခြင်းခံရသူက စာချုပ်ပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးရမည်၊

(ဂ) လိုအပ်သောခွင့်ပြုချက်များ၊ မှတ်ပုံတင်မှုများ၊ လိုင်စင်များကိုသက်ဆိုင်ရာ ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ အဖွဲ့အစည်းများထံမှရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) ဆောက်လုပ်ပြီးစီးသော အဆောက်အအုံကို အငှားချထားခြင်းခံရသူက တည်ဆဲဥပဒေများနှင့် အညီ ထပ်ဆင့်ငှားရမ်းခြင်းကို ခွင့်ပြုရမည်၊

(င) အငှားချထားခြင်းခံရသူအတွက်ရေ၊လျှပ်စစ်၊တယ်လီဖုန်းရရှိရေးအတွက်ကူညီဆောင်ရွက်ပေးရမည်၊

(စ) ငှားရမ်းထားသည့် မြေအတွက် မြေခွန်ကိုပေးဆောင်ရမည်၊

(ဆ) အငှားချထားခြင်းခံရသူက မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များ လျှောက်ထားရာတွင် ကူညီဆောင်ရွက်ပေးရမည်၊

(ဇ) အငှားချထားခြင်းခံရသူက အဆောက်အအုံဆောက်လုပ်ရေး အတွက်လိုအပ်သော ပစ္စည်းများကို ပြည်ပမှမှာယူရန်လိုအပ်ပါက ပစ္စည်းများပြည်ပမှသယ်ယူရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။

**၇။ အငှားချထားခြင်းခံရသူ၏ တာဝန်ဝတ္တရားများ**

အငှားချထားခြင်းခံရသူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) ငှားရမ်းသည့်မြေအပေါ်တွင် သတ်မှတ်ကာလအတွင်း အငှားချထားသူ အတည်ပြုပြီးသော ပုံစံဒီဇိုင်း အတိုင်း ခေတ်မီ(၁၀) ထပ်ဆောက်အအုံကို မိမိစရိတ်ဖြင့်တည်ဆောက်ရမည်။ အတည်ပြုပြီးသော ပုံစံဒီဇိုင်းမှ အဓိကပြောင်းလဲပြင်ဆင်တိုးချဲ့မှုတိုင်းကို အငှားချထားသူထံမှ ကြိုတင် သဘော တူညီချက်ရပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အငှားချထားခြင်းခံရသူသည် ဤစာချုပ်ကိုလက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ လုပ်ငန်းများကို စတင် ဆောင်ရွက်ရမည်။

(ဂ) အငှားချထားခြင်းခံရသူသည် အငှားချထားသူ(သို့မဟုတ်) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့ အစည်းများသို့ ဤစာချုပ်အရ အကျုံးဝင်သောလုပ်ဆောင်ချက်များ နှင့်ပတ်သက်သည့် သတင်း အချက်လက်များကို အကြောင်းအားလျော်စွာ တောင်းခံလာတိုင်းပြုစုတင်ပြရမည်။ အငှားချထားခြင်း ခံရသူက (၁၀)ထပ်အဆောက်အအုံရှိ အခန်းများကိုတည်ဆဲဥပဒေများနှင့်အညီ ထပ်ဆင့်ငှားရမ်းရာတွင် အခန်းဝယ်ယူသူအား မြေငှားသက်တမ်းကုန်ဆုံးသည့်အထိသာ အကျိုးခံစားခွင့်ရှိကြောင်း စာချုပ်တွင် အတိအကျဖော်ပြထားရမည်၊ အငှားချထားခြင်းခံရသူသည် အခန်းများကို နိုင်ငံခြားသား/နိုင်ငံခြားသား ပိုင်ကုမ္ပဏီသို့ ထပ်ဆင့်ငှားရမ်းလိုပါက ၁၉၈၇ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်း ခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ(၁၄)အရသက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သောဥပဒေပြဋ္ဌာန်း ချက်များမှ ကင်းလွတ်ခွင့်အမိန့် ကိုရရှိပြီးဖြစ်ရမည်။

(ဃ) အငှားချထားခြင်းခံရသူသည် ငှားရမ်းထားသည့်မြေ၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ မြေတစ်ကွက်လုံးသော်ကိုလည်းကောင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြား နည်းဖြင့်လွှဲပြောင်းပေးခြင်းတို့ကို လုံးဝမပြုလုပ်ရ။

(င) မြေခွန်မှအပ အခြားသက်ဆိုင်ရာ အခွန်အခများကို အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်၊

(စ) မြန်မာ့အာမခံဥပဒေနှင့်အညီထားရှိရမည့်အာမခံများကို မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိရမည်၊

(ဆ) မြေငှားရမ်းခများကို သတ်မှတ်ထားသောနှုန်းထား၊ သတ်မှတ်ထားသောနည်းလမ်းများ အတိုင်း အတိအကျပေးဆောင်ရမည်။

**၈။ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့**

ဤစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်ရရှိပြီး နောက် အသိသက်သေများ၏ရှေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသော နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

## ၉။ မြေနှင့်အဆောက်အအုံ လွှဲပြောင်းပေးခြင်း

ငှားရမ်းကာလကုန်ဆုံးသည့်အခါ အငှားချထားခြင်းခံရသူသည် မြေနှင့်တကွ အဆောက်အအုံအပါအဝင် အဆောက်အအုံနှင့်ဆက်စပ်ပတ်သက်နေသော ပစ္စည်းအားလုံးကို မွမ်းမံထားရှိပြီး ကောင်းမွန်စွာ ပုံမှန်အသုံးပြုနိုင်သည့် အခြေအနေအတိုင်း အငှားချထားသူသို့ အဖိုးစားနားမဲ့ လွှဲပြောင်းပေးရမည်။

## ၁၀။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်

ဤမြေငှားရမ်းခြင်းသဘောတူ စာချုပ်ကိုဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းများထံမှ လိုအပ်သည့်သဘောတူညီချက်ခွင့်ပြုချက်နှင့် လုပ်ဆောင်ခွင့်ပြုချက်များ ရရှိပြီးမှုပေါ်တွင် တည်ရှိပါသည်။

## ၁၁။ စာချုပ်ရပ်စဲခြင်း

အောက်ဖော်ပြပါ အခြေအနေအဖြစ်အပျက်များပေါ်ပေါက်သည့်အခါတွင် စာချုပ်ရပ်စဲသွားစေရမည်-

(က) စာချုပ်ဝင် တစ်ဖက်ဖက်က စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်သည့်အခါ၊

(ခ) အငှားချထားခြင်းခံရသူသည် လူမွဲအဖြစ်ခံယူသည့်အခါ၊

(ဂ) မတားဆီးနိုင်သောဖြစ်ရပ်တစ်ခုသည် (၆)လထက်ကျော်လွန်၍ ဖြစ်ပွားနေသောအခါ၊

(ဃ) စာချုပ်သက်တမ်းကုန်ဆုံး သည့်အခါ၊

၁၂။ အထက်ဖော်ပြပါ အကြောင်းများကြောင့် စာချုပ်ရပ်စဲသည့်အခါ စာချုပ်ရပ်စဲပြီးနောက် (၆)လအတွင်း မြေနှင့်တကွ မြေပေါ်ရှိအဆောက်အအုံ၊ တပ်ဆင်ထားသောပစ္စည်းများ အပါအဝင်အားလုံးတို့ကို ကောင်းမွန်သောအနေအထားဖြင့် အငှားချထားခြင်းခံရသူက အငှားချသူသို့ အဖိုးစားနားမဲ့ ပြန်လည်ပေးအပ်ရမည်။

## ၁၃။ မတားဆီးနိုင်သောဖြစ်ရပ်များ

ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကို မတားဆီးနိုင်သော ဖြစ်ရပ်ကြောင့် တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ မထမ်းဆောင်နိုင်လျှင် ထိုသို့မထမ်းဆောင် နိုင်သူဖက်က အခြားတစ်ဖက်သို့ (၁၄) ရက်အတွင်း ထိုမတားဆီးနိုင်သောဖြစ်ရပ်ကို အသေးစိတ်စာဖြင့် ရေးသားကာ အကြောင်းကြားရမည်။ အခြားတစ်ဖက်က လက်ခံအတည်ပြုလျှင် တာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်းကို မတားဆီးနိုင်သောဖြစ်ရပ်ပေါ်ပေါက်နေစဉ် ကာလအတွင်းဆိုင်းငံ့ထားနိုင်သည်။ ထိုမတားဆီးနိုင်သောဖြစ်ရပ်ကြောင့် ကြန့်ကြာမှုအတွက် မည်သူ့တွင်မှ တာဝန်မရှိစေရ။

မတားဆီးနိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝဘေးဒုက္ခများ၊ ငလျင်လှုပ်ခြင်း၊ သပိတ်မှောက် ခြင်း၊ ပြည်သူ့ရန်သူ၏လုပ်ဆောင်ချက်များ၊ ပိတ်ဆို့မှုများ၊ သူပုန်ထခြင်းများ၊ အဓိကရုဏ်းဖြစ်ခြင်းများ၊ အရပ်ဘက်အနှောက်အယှက်ဖျက်ဆီးခြင်းများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်းများ၊ ရေကြီးခြင်းများ၊ မုန်တိုင်းတိုက်ခိုက်ခြင်းများနှင့် အခြားအလားတူ အကြောင်းများဖြစ်ပြီး၊ ထိုက်သင့်သော ဂရုစိုက်မှု၊ ဖွဲ၊ လုံ့လတို့နှင့် ထိန်းချုပ်၍မရဘဲ ကျော်လွန်သွားရန် မတတ်စွမ်းနိုင်သောဖြစ်ရပ်များ ကိုဆိုလိုသည်။

**၁၄။ အနုညာတစီရင်ဆုံးဖြတ်ခြင်း**

ဤသဘောတူစာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီ ခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်း မဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကိုခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ဆုံးဖြတ်ချက်သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ် အတည် ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတအက်ဥပဒေ (မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄/၁၉၄၄ )နှင့် နောက်ပိုင်းပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။

**၁၅။ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ခြင်း**

အငှားချထားခြင်းခံရသူသည် ရေဆိုးများသန့်စင်စေရန်စီမံခြင်း၊ ရေလွှတ်စနစ်ရှိခြင်းတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဥပဒေနည်းဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**၁၆။ ဓါတ်သတ္တုအရင်းအမြစ်များ**

ဤသဘောတူစာချုပ်ပါ ငှားရမ်းကာလအတွင်း ငှားရမ်းထားသည့်မြေမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ တွေ့ရှိလျှင် ထိုပစ္စည်းများကို အငှားချထားသူက ပိုင်ဆိုင်ရမည့်အပြင် အငှားချထားသူသည် သက်ဆိုင်ရာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းတင်ပြခွင့်ရှိစေရမည်။

**၁၇။ စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း**

ဤသဘောတူစာချုပ်အား စာဖြင့်နှစ်ဦးနှစ်ဖက် သဘောတူညီမှုမရှိဘဲ၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ လုံးဝမပြုလုပ်ရ။ ဤသဘောတူစာချုပ်တွင် မဖော်ပြမိခဲ့သော အချက်အလက်(သို့မဟုတ်) အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပြီး စာချုပ်ကိုပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဤစာချုပ်ကို ပြင်ဆင်နိုင်သည်။ သို့သော်စာချုပ်၏ မူလရည်ရွယ်ချက်ကို မပျက်ပြယ်စေရ။

**၁၈။ စာချုပ်အစိတ်အပိုင်းများ**

ဤမြေငှားရမ်းခြင်းစာချုပ်၏နောက်ဆက်တွဲများသည် ဤစာချုပ်၏အစိတ်အပိုင်းများ ဖြစ်ရမည်။

**၁၉။ စာပေးစာယူပြုရန်လိပ်စာများ**

အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့အကြားစာဆက်သွယ်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းများကို အောက်ပါအတိုင်းဆက်သွယ်ဆောင်ရွက်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

စာအမှတ်၊ ရက၁ / မြို့ပြ မြေစီမံ - ၉၅ ( ၂၂၅၄ )
ရက်စွဲ ၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်

သို့
ဦးဆောင်ညွှန်ကြားရေးမှူး
ရုပ်ရှင်လုပ်ငန်း ၊ ရုံးချုပ်
ပြန်ကြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ ရုပ်ရှင်ရုံများ၏ မြေပိုင်ဆိုင်မှုစာရင်း တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ ရုပ်ရှင်လုပ်ငန်း ၊ ရန်ကုန်ရုံးခွဲ၏ ၁၉-၉-၉၅ ရက်စွဲပါ စာအမှတ်၊ ၄၀-ရစ(စီမံ)၉၅(၁၂၅၀)

အထက်ရည်ညွှန်းစာဖြင့်ပေးပို့လာသည့်ရုပ်ရှင်ရုံများ၏ မြေပိုင်ဆိုင်မှုစာရင်း တောင်းခံခြင်းကိစ္စရပ်နှင့်ပတ်သက်၍ ရန်ကုန်ရုံးခွဲအုပ်ချုပ်မှုအောက်ရှိရုပ်ရှင်ရုံများ၏ မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်သည့်အမည်ပေါက်စာရင်းများ ~~ကိုလိုအပ်သလိုဆောင်ရွက်နိုင်ပါရန်နောက်ဆက်တွဲ(မ)~~ ပါအတိုင်း ပူးတွဲပေးပို့အပ်ပါသည် ။

ဌာနမှူး

မိတ္တူကို
- လက်ထောက်ဌာနမှူး ( ၁ )
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

| ကြည့်ပြီး | |
|---|---|
| [illegible] | |
| [illegible] | |
| [illegible] | |
| [illegible] | |
| [illegible] | |
| ညွှန်မှူး | |

နောက်ဆက်တွဲ (က)

(၁)

ရှစ်ပွင့်ပွင့်ရုံများ၏ မြေအမည်ပေါက်စာရင်း

| | ရှစ်ပွင့်ရုံအမည် | မြို့နယ် | မြေအမည်ပေါက်များ | မှတ်ချက် |
|---|---|---|---|---|
| | သိတာ | ကြည့်မြင်တိုင် | သိတာရှစ်ပွင့်ရုံသည်ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၅ အီး၊ မြေကွက်အမှတ် IV ၃၀ အေ (ဂရန်ရှိ မြေပိုင်မြေ) ပြန်ကြားရေးဝန်ကြီးဌာနပိုင် မြေအမည်ဖြင့်မှတ်သားထားပါသည်။ | |
| ၂ | စံပြ | လမ်းမတော် | မြေတိုင်း ရပ်ကွက်အမှတ် ၂၀ဒီပိုင်၏ မြေကွက်အမှတ် V ၅၅၊ ပြန်ကြားရေးဝန်ကြီးဌာနအမည် ပေါက်သည်။ | |
| ၃ | ကေသွယ် | ။ | မြေတိုင်းရပ်ကွက်အမှတ် ၂၀အီးဇက်၏ မြေကွက်အမှတ် V ၂၅၊ ၂၆၊ ပြန်ကြားရေးဝန်ကြီးဌာန ရှစ်ပွင့်ကော်ပိုရေးရှင်းအမည် ပေါက်သည်။ | |
| ၄ | မဟာမိုင် | အင်းစိန် | မြေတိုင်းရပ်ကွက်အမှတ် ၃အီ ဈေးကုန်း၊ မြေကွက်အမှတ် ၁၁၀၊ ပြန်ကြားရေးဝန်ကြီးဌာနရှစ်ပွင့်ကော်ပိုရေးရှင်းအမည် ပေါက်ပါသည်။ | |
| ၅ | ဘုရင့်နောင် | တာမွေ | မြေတိုင်းရပ်ကွက်အမှတ် ၃စီ၏ မြေကွက်အမှတ် ၄၄၆၊ ၄၄၇၊ ပြန်ကြားရေးဝန်ကြီးဌာနရှစ်ပွင့်ကော်ပိုရေးရှင်း အမည် ပေါက်သည်။ | |
| ၆ | ရွှေဗဟိုရ် | ။ | မြေတိုင်းရပ်ကွက်အမှတ် ၃၄အီး၊ မြေကွက်အမှတ် ၂၇၇၊ ပြန်ကြားရေး ဝန်ကြီး ဌာနရှစ်ပွင့်ကော်ပိုရေးရှင်းအမည် ပေါက်သည်။ | |
| ၇ | မတိုးဆန်း | ။ | မြေတိုင်းရပ်ကွက်အမှတ် ၃၄အီး၊ မြေကွက်အမှတ် ၃၀၄၊ ၃၀၅၊ ပြန်ကြားရေးဝန်ကြီးဌာနရှစ်ပွင့်ကော်ပိုရေးရှင်းအမည် ပေါက်သည်။ | |
| ၈ | လှ | တောင်ဥက္ကလာ | မြေတိုင်းရပ်ကွက်အမှတ် ၄၊ Block Map အရ အိုးအိမ်ပိုင် မြေအမည် ပေါက်သည်။ | |
| ၉ | ပဒေသာ | ။ | မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ Block Map အရ ပဒေသာရုံဟု ဖော်ပြထားသည်။ | |
| ၁၀ | သမ္မတ | ဒဂုံ | မြေတိုင်းရပ်ကွက်အမှတ် ၁၉ အေ၊ မြေကွက်အမှတ် ၅၄/၂၊ ၅၄/၁ ပြန်ကြားရေးဝန်ကြီးဌာနရှစ်ပွင့်ကော်ပိုရေးရှင်းအမည် ပေါက်ပါသည်။ | |

ရုပ်ရှင်ရုံများ၏ မြေအမည်ပေါက်စာရင်း

| စဉ် | ရုပ်ရှင်ရုံအမည် | မြို့နယ် | မြေအမည်ပေါက်များ | မှတ်ချက် |
|---|---|---|---|---|
| ၁၁ | အောင်သီရိ | ရန်ကင်း | မြေတိုင်းရပ်ကွက် ၃ ဖက်ဘုံ၊ မြေကွက်အမှတ် ၃ - အက်စ် ဒေပါရ ၁ ချိုရပ်ပွဲ ချုံ့ကြီးယား၊ မြေကွက်အမှတ် ၄ အက်စ် ဒေ ပီ ငွေဈေးဆိုင်အမည် ပေါက်ပါသည်။ | |
| ၁၂ | မင်းရန်အောင် | မြောက်ဥက္ကလာ | မြေတိုင်းရပ်ကွက် (၃) Block Map အရ အမည်မပေါက်ပါ။ | |
| ၁၃ | ငွေလမင်း | ။ | မြေတိုင်းရပ်ကွက် (၂) Block Map အရ မြို့သာနှင့်ဆိုင်းဆင်ပွဲမြို့ ရေးဦးစီးဌာနအမည်ပေါက် ပါသည်။ | |
| ၁၄ | ငွေဆွေခင် | ကျောက်[illegible]း | မြေတိုင်းရပ်ကွက်အမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် II-၃ ပြန်ကြားရေးဝန်ကြီးဌာနရုပ်ရှင်ကော်ပိုရေးရှင်း အမည်ပေါက်သည်။ | |
| ၁၅ | နေပြည်တော် | ။ | မြေတိုင်းရပ်ကွက်အမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် II ၅ ပြန်ကြားရေးဝန်ကြီးဌာနရုပ်ရှင်ကော်ပိုရေးရှင်း အမည်ပေါက်သည်။ | |
| ၁၆ | ဝဇီရာ | ။ | မြေတိုင်းရပ်ကွက်အမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် I ၈ ပြန်ကြားရေးဝန်ကြီးဌာနရုပ်ရှင်ကော်ပိုရေးရှင်း အမည်ပေါက်ပါသည်။ | |
| ၁၇ | ဘုရင့်ရုံ | ကျောက်တံတား | မြေတိုင်းအမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် I- E South Centrefor of Retain Area ပြန်ကြားရေးဝန်ကြီးဌာနရုပ်ရှင်ကော်ပိုရေးရှင်း အမည်ပေါက်သည်။ | |
| ၁၈ | သွင် | ။ | မြေတိုင်းအမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် W ½ of I - ။ ပြန်ကြားရေးဝန်ကြီးဌာနရုပ်ရှင်ကော်ပိုရေးရှင်း အမည်ပေါက်ပါသည်။ | |
| ၁၉ | ဘုရားပန် | ။ | မြေတိုင်းအမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် N. Port of E ½ S Port of E ½ of I - ။ | |
| ၂၀ | မြို့မ | ။ | မြေတိုင်းအမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် W - ½ of I - 12 ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်းအမည်ပေါက် ပါသည်။ | |
| ၂၁ | ငွေဂို | ။ | မြေတိုင်းအမှတ် ၁၃ အီး ၏၊ မြေကွက်အမှတ် E - ½ of I - 12 ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်းအမည်ပေါက်သည်။ | |

နောက်ဆက်တွဲ(ခ)

# FORM OF PERFORMANCE BANK GUARANTEE

Myanma Motion Enterprise (MME),
Yangon, Union of Myanmar.

Dear Sirs,

**Subject : Performance Guarantee**

This Performance Guarantee shall constitute a guarantee for the performance by the **Golden J Construction Co.,Ltd** for its obligations and performance relating to the mining operation and all related activities stipulated under the Agreement dated -------------------------- 1998 executed between the **Myanma Motion Enterprise**, Yangon (hereinafter referred to as the Lessor "**MME**" ) and the Golden J Construction Co.,Ltd ( hereinafter referred as the Lessee ).

In accordance with the aforesaid, We **Golden J Construction Co.,Ltd** the Bank of MICB(or)MFTB hereby guarantee to you the true and faithful performance of the aforesaid Agreement by and we irrevocably undertake to pay Performance Bank Guarantee amount Kyats 3,500,000/-( Kyat Three Million Five Hundred Thousand only ) to you within (30) days from the date of signing of this Agreement together with your written declaration and the detailed description of the opening date after completion of construction period breach of any terms and conditions and failed in its obligations and performance prescribed by the said Agreement. Our liability to you (MME) under the said Bank Guarantee shall not in any event exceed the sum of **Kyats 3,500,000/-( Kyat Three Million Five Hundred Thousand only )**.

This is the agreed sum of the Performance Guarantee for the aforesaid Agreement against restitution of the Original of this Performance Guarantee accompanied by your written declaration as aforesaid.


Our Guarantee will remain valid for a period of the opening date after completion of construction from the effective date of this Agreement and any renewal therefor contained in the aforesaid Agreement or until any premature termination not attributable to the breach of conditions of on of failure to perform its obligations under the said Agreement by whichever is earlier whereupon our guarantee herein shall become null and shall be of no effect whatsoever.

Date this                day of          199

Truly yours,
....................................... Bank.

နောက်ဆက်တွဲ (ဂ - ၁)

# BAYINT SHOPPING CENTRE



FRONT ELEVATION

နောက်ဆက်တွဲ(ဂ-၂)


BAYINT SHOPPING CENTRE



PERSPECTIVE


နောက်ဆက်တွဲ (ဂ-၃)

BAYINT SHOPPING CENTRE




SIDE ELEVATION

BAYINT SHOPPING CENTRE



BACK ELEVATION

# BAYINT SHOPPING CENTRE




PARKING GARAGE

BASEMENT


SCALE 1" = 16.0"

FLOOR AREA = 649.91 $m^2$

CAR 18 Nos.

ပုံကွက်ဆက်တွဲ (ဂ-၆)

# BAYINT SHOPPING CENTRE




SHOPPING CENTRE


GROUND FLOOR PLAN

SCALE 1" = 16'0"

FLOOR AREA = 649.91 $m^2$

နောက်ဆက်တွဲ (ဂ-၇)

# BAYINT SHOPPING CENTRE




LUXURY CONDOMINIUM

TYPICAL FLOOR PLAN

TYPE A 110.43 $m^2$


TYPE B 120.09 $m^2$

TOTAL FLOOR AREA = 499 779 $m^2$

SCALE 1" = 16'-0"

နောက်ဆက်တွဲ (ဂ-၈)

# BAYINT SHOPPING CENTRE




SHOPPING CENTRE

FIRST FLOOR PLAN

SCALE 1":16'-0"

FLOOR AREA = 674.82 $m^2$

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ........ ၁၈၆၀ ........ /၁၉၉၆ –၁၉၉၇

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ....ဂိုး(လ်)ဒင်း ဂျေ ဆောက်လုပ်ရေး....
....ကုမ္ပဏီ လီမိတက်.... အား ပေးရန်တာဝန်ကန့်သတ်ထားသော လီမိတက်
ကုမ္ပဏီအဖြစ် ၁၉၉၇ နှစ်၊ ....ဖေဖော်ဝါရီ.... လ ....၃.... ရက်နေ့တွင်မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

| |
|---|
| စက်မှု/[illegible]ဆောက်လုပ်ရေး<br>INDUSTRIAL/[illegible]CONSTRUCTION |

( [illegible] )
ကုမ္ပဏီများမှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND
ECONOMIC DEVELOPMENT

# CERTIFICATE OF INCORPORATION

No. ........1860........ of 1996 - 1997

*I hereby certify that* ....GOLDEN J CONSTRUCTION COMPANY....
....LIMITED.... *is this day incorporated*
*under the Myanmar Companies Act and that the company is Limited.*

*Given under my hand at Yangon this* ....THIRD.... *day*
*of* ....FEBRUARY.... *one thousand nine hundred and*....NINETY SEVEN....

[illegible]

( [illegible] )
Registrar of Joint Stock Companies
Companies Registration Office

FORM VI

# RETURN OF ALLOTMENTS

## THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment from the made on 29th of April , 1997

on the of the *Golden J Construction Co, Ltd.

Made pursuant to Section 104(1)

Number of the shares allotted payable in cash .... 35 Shares

" " " "

Nominal amount of the shares so allotted .... K 3,500,000/-

" " " "

Amount paid or due and payable on each such share .... K 100,000/-

" " " " Fully Paid Up

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted .... Nil

Amount to be treated as paid on each such share .... Nil

The consideration for which such share have been allotted is as folllows:-

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that:-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the word made substituted for the word "From" after the word "allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

GOLDEN J CONSTRUCTION CO. LTD. YANGON MYANMAR

Presented for filing by: U Soe Win (M.D)

Names, Address and Description of Allotees

| Name & N.R.C No | Address | Description | Number of Shares Allotted | |
|---|---|---|---|---|
| | | | Preference | Ordinary |
| 1. U Maung Soe<br>1/ Ma Ka Na(Naing)<br>077955 | No.60, Mashika-Taung Quarter, Pharkant Township, Kachin State. | Merchant | | 5 Shares |
| 2. U Yone Mu<br>1/ Ma Nya Na(Naing)<br>074683 | No.18, 30th Street Corner of 63rd St; Aung Myay Thar Zan. Township, Mandalay. | Merchant | | 5 Shares |
| U Wu Tin Yin (a)<br>U Maung Maung Tin<br>13/ Ka Ta Na<br>(Ei)-000045 | No.28/(C).First Floor Bo-Yar Nyunt Street, Dagon Tsp, Yangon. | Merchant | | 5 Shares |
| U Soe Win<br>NYHE - 012840 | No.609(F), Shwe Hnin Si Street, Ward No.5 Mayangon Tsp, Yangon. | Merchant | | 5 Shares |
| U Soe Tint<br>MDYSE - 008749 | No.301/(C),80th St; (Between 35th & 36th Street,)Maha Aung Myay Township,Mandalay. | Merchant | | 5 Shares |
| U San Aung<br>MMO- 274762 | No.153,Mandalay Laship Street,Ward (7),Pyin Oo Lwin Tsp, Mandalay. | Merchant | | 5 Shares |
| U Arnt Fon<br>1/Ma Ka Ta(Naing)<br>028871 | No.380,(Corner of 31st & 82nd Street), Chan Aye Thar Zan Township,Mandalay. | Merchant | | 5 Shares |
| | | | Total | 35 Shares |

Signature

Date 29.4.97.

U Soe Win
Managing Director
Golden J Construction Co., Ltd.

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company: Golden J Construction Co, Ltd.

Presented by: U Soe Win (M.D)

| | The present christian name or names of surnames | Nationality, National Registration Card No. | Usual Residential Address | Other Business Occupation | Changes |
|---|---|---|---|---|---|
| 1. | U Yone Mu | Myanmar 1/ Ma Nya Na (Naing)074683 | No.18, 30th Street, Corner of 63 rd Street, Aung Myay Thar Zan Tsp, Mandalay. | Merchant | Appointed as, Chairman w.e.f 29.4.97. |
| 2. | U Soe Win | Myanmar NYHE -012840 | No.609(F),Shwe Hminzi Street,Ward No.(5),Mayangon Township, Yangon. | Merchant | Appointed as Managing Director w.e.f29.4.97. |
| 3. | U Maung Soe | Myanmar 1/ Ma Ka Na (Naing)077955 | No.60,Mashika-Taung Quarter,Pharkant Township, Kachin State. | Merchant | Appointed as Director w.e.f 29.4.97. |
| 4. | U Wu Tin Yin (a) U Maung Maung Tin | Myanmar 13/ Ka Ta Na (Ei)-000045 | No.28/(C),First Floor, Bo Yar Nyunt Street, Dagon Towndhip, Yangon. | Merchant | Appointed as Director w.e.f 29.4.97. |
| 5. | U Soe Tint | Myanmar MDYSE -008749 | No.301/(C),80th Street,(Between 35th & 36th Street),Maha Aung Myay Tsp, Mandalay. | Merchant | Appointed as Director w.e.f 29.4.97. |
| 6. | U San Aung | Myanmar MMO -274762 | No. 153,Mandalay Laship Street,Ward No.7, Pyin Oo Lwin Tsp, Mandalay. | Merchant | Appointed as Director w.e.f 29.4.97. |

NOTE: (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes"by placing against the new Director's name the word "in place of ................................" and by writing against any former Director's name the word "dead" "resigned"or as the case may be giving the date of change against the entry.

Dated this ... ... 29.4.97 ... ... ...

Signature ... ... ...

YANGON MYANMAR GOLDEN J CONSTRUCTION CO., LTD.

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : GOLDEN J CONSTRUCTION CO,LTD

Presented by : U Soe Win(MD)

| | The present christian name or names of surnames | Nationality, National Registration Card No. | Usual Residential Address | Other Business Occupation | Changes |
|---|---|---|---|---|---|
| 7. | U Arnt Fon | Myanmar 1/Ma Ka Ta (Naing)028871 | No.380,(Corner of 31st & 82nd Street), Chan Aye Thar Zan Township,Mandalay. | Merchant | Appointed as Director w.e.f 29.4.97. |

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes"by placing against the new Director's name the word "in place of ................................" and by writing against any former Director's ...... the word "dead" "resigned"or as the case may be giving the date of change against the entry.

Dated this ... ... 29.4.97. ... ... ...

Signature ... U Soe Win ... ... ...

Designation ... ... ... ... ... ... ...

U Soe Win

# ASIA WEALTH BANK LIMITED

အာရှဓနဘဏ်လီမိတက်

亚洲经济银行

No. 584, Strand Road, Lanmadaw Township, Yangon, Myanmar.
Off Tel : (01) 27705, 27706, 27708, 27709, 27710. · Fax No. : 095 - 1 - 24787

Dated the 15th October 1998.

"BALANCE CONFIRMATION CERTIFICATE"

I hereby certify that the Credit Balance of Saving Account No.0031230000209 of Golden "J" Construction Co.,Ltd at the close of the Business On (15-10-98) is (K,9,196,529/65(Kyats Nine Million One Lakh & Ninety Six Thousand Five Hundred - Twenty Nine and Pyas Sixty Five Only).

( KYAW SOE )
Asst; Gen Manager
Asia Wealth Bank Ltd,
Wizaya Branch.

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အဆောက်အအုံလုပ်ငန်းလုပ်ကိုင်ခွင့် ကန်ထရိုက်တာလိုင်စင်



စာအမှတ်၊ ၁၃၅၀/ လိုင်စင် / ယာ ( အုံ )

ရက်စွဲ ၊ ၁၉၉၈ ခုနှစ်၊ ဇွန် လ ၅ ရက်

ဦး/ဒေါ် ......စိုး ဝင်း...... ၊ မှတ်ပုံတင်အမှတ် ......NYHE 012840...... ၊ နေရပ် ၊အမှတ်( ......၂၂/ခ...... ) ......လမ်း၊ ဝဂ္ဂါဂ်သာလမ်း၊ (၈) ......ရပ်ကွက်၊ ......ဗဟန်း...... မြို့နယ်၊ သည် အာမခံငွေကျပ် ......ငါးထောင်...... တိတိကို ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ ဇယား( ၁ )၊ အခန်း ( ၆ )၊ ပဋိညာဉ်များဆိုင်ရာ နည်းဥပဒေ ( ၅ )အရ ခံဝန်ချုပ်အမှတ် ( ၁၀၂ / ၉၈ ) ဖြင့် ချုပ်ဆိုပြီးဖြစ်သည့်အပြင် သတ်မှတ်ထားသောနှစ်စဉ်ကြေး ကျပ် ......၆၀၀၀၀/-...... (စာဖြင့် ......ကျပ် ခြောက်သောင်း တိတိ/-......)ကို ပေးသွင်းပြီးဖြစ်သဖြင့် ပူးတွဲပါကန်ထရိုက်တာ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ စည်းကမ်းများနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်ခွင့် ကန်ထရိုက်တာအဖြစ် ခွင့်ပြုလိုက်သည်။

ဤလိုင်စင်သည် ၁၉၉၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသည်။

လိုင်စင်အမှတ် 102-98/99

ဥက္ကဋ္ဌ (ကိုယ်စား)

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦး ရိုး ဝင်း၊ လိုင်စင်ဓာတ်ဖွက် - 102-96/97

27.7

၂

| စာရင်းအမှတ် | လက်မှတ်နှုန်းနှင့် စာအုပ်အမှတ် | မှတ်ချက် |
|---|---|---|
| SW.812. | | |
| | | |
| | | |
| | | |
| | | |
| | | |

ငွေစုစာအုပ်ထုတ်ပေးသည့်ရက်စွဲ 27.2.97.

မန်နေဂျာ

စာရင်း

ဘဏ်ငွေစုစာအုပ်ထုတ်ပေးခြင်းနှင့်ပတ်သက်သော

အမည် ① ဦး ရိုး ဝင်း

အမျိုးသားမှတ်ပုံတင်အမှတ် NYHE. 012840.

အဘအမည် ဦး F. ကျော် ငြိမ်း

နေရပ်လိပ်စာ [illegible]

② [illegible] (ဘဘ/မ) [illegible]

အရွယ်မရောက်သေးသူစာရင်း၊ အသင်းအဖွဲ့စာရင်း၊ အာမခံငွေစာရင်း စသည်တို့အတွက် အောက်တွင်မှတ်သားရန်။

Joint (B) Alc.

စာအုပ်ဟောင်းမှအသစ်သို့ကူးလျှင်

နောက်ဆုံးငွေ သွင်း/ ငွေထုတ် ရက်စွဲ

လက်ကျန်ငွေ

နေရပ်ပြောင်းသွားလျှင် သက်ဆိုင်ရာ ဘဏ် သို့ စာရင်းအမှတ်ပေါ် ပြ၍ ချက်ခြင်း အကြောင်း ကြားပါ။

| ရက်စွဲ (၁) | အညွှန်း (၂) | သွင်းငွေ/ထုတ်ငွေ (စာဖြင့်ရေးသားရန်) (၃) | သွင်းငွေ (၄) | | ထုတ်ငွေ (၅) | | လက်ကျန်ငွေ (၆) | | အရာရှိလက်မှတ် (၇) | မှတ်ချက် (၈) |
|---|---|---|---|---|---|---|---|---|---|---|
| | | | ကျပ် | ပြား | ကျပ် | ပြား | ကျပ် | ပြား | | |
| 27.2.97 | ငွ. | ကျပ်သိန်းငါးဆယ်တိတိ/- | 50,00,000/- | | | | 50,00,000/ | | [stamp] | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ဂိုးဒင်း "ဂျေ" ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
**GOLDEN 'J' CONSTRUCTION CO., LTD.**

NO. 2(A), THUKAWADI STREET, YANKIN TOWNSHIP, YANGON, MYANMAR.
TEL : 01-579086, FAX : 01-665004

Ref : ၀၀၃၂ /တဆ/၉၈ Date : ၁၅. ၅. ၉၈

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း

အကြောင်းအရာ။ ။ <u>ငွေကြေးခိုင်မာမှုအာမခံခြင်း။</u>

အကြောင်းအရာပါ ကိစ္စနှင့်ပက်သက်၍ ကျွန်တော်တို့ကုမ္ပဏီသည် ငွေစာရင်းအမှတ် ၀၀၃၁၁၃၀၀၀၀၁၉၀ နှင့် ငွေစာရင်းအမှတ် ၀၀၃၁၂၃၀၀၀၀၂၀၉ တို့ဖြင့် အာရှဓနဘဏ် (ဝိဇယဘဏ်ခွဲ) တွင် စာရင်းဖွင့်လှစ်ထားပါသည်။

ဘုရင့်ရုံအား (B.O.T) စံနစ်ဖြင့် ဆောက်လုပ်ရာတွင်လိုအပ်သော ငွေကြေး ပမာဏအား နိုင်နင်းစွာစီမံခန့်ခွဲနိုင်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။ ကုမ္ပဏီ၏ပိုင်ဆိုင်မှုအဖြစ် (၀. ၂၃၆ ဧက) ရှိသော ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ် (၂) A ရှိ မြေနှင့်အဆောက်အအုံအား ပိုင်ဆိုင်ပါသည်။

လေးစားစွာဖြင့်

( စိုးဝင်း )
အုပ်ချုပ်မှုဒါရိုက်တာ

*SOE WIN (B.E - Civil)*
*MANAGING DIRECTOR*
*GOLDEN 'J' CONSTRUCTION CO., LTD*

ဂိုးဒင်း 'ဂျေ' ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
GOLDEN 'J' CONSTRUCTION CO., LTD.

NO. 2(A), THUKAWADI STREET, YANKIN TOWNSHIP, YANGON, MYANMAR.
TEL : 01-579086, FAX : 01-665004

၂၂. ၄. ၉၈

Ref :

Date : ..................................

## အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့ရက်။ ။ ၂၂. ၄. ၉၈

ကျင်းပသည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

ကျင်းပသည့်အချိန် ။ ။ နံနက် (၁၀)နာရီ

တက်ရောက်သူများ။ ။ ဒါရိုက်တာအဖွဲ့ဝင်အားလုံး

**အစည်းအဝေးဆုံးဖြတ်ချက်**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် 'ဘုရင့်' ရုပ်ရှင်ရုံအား(B-0-T) စံနစ်ဖြင့် အဆင့်မြင့် တည်ဆောက်လုပ်ကိုင် ငှားရမ်းဆောင်ရွက်ညှိနှိုင်းပြီးဖြစ်၍ (M-I-C) တင်ရန်သဘောတူ ဆုံးဖြတ်ကြပါသည်။

ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ်အုပ်ချုပ်မှုဒါရိုက်တာဦးစိုးဝင်း(NYHE-၀၁၂၈၄၀)အား ဆောင်ရွက်ရန်တာဝန်ပေးအပ်ပါသည်။

မှတ်တမ်းတင်သူ

## နိုင်ငံသား စိစစ်ရေး ကတ်ပြား



အရပ်—

သွေးအုပ်စု—

ထင်ရှားသည့် အမှတ်အသား—

အမှတ်—

ရက်စွဲ—

အမည်—

ဖခင်၏အမည်—

မွေးသက္ကရာဇ်—

လူမျိုး—


ကိုးကွယ်သည့်ဘာသာ—

ထုတ်ပေးသည့်အရာရှိလက်မှတ်

အမည်—

ရာထူး—

---



သက်သေခံကတ်ပြားအမှတ် —

အလုပ်အကိုင် —

နေရပ်လိပ်စာ —

ထိုးမြဲလက်မှတ် —

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီး ဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။